HARVARD Kennedy School
ASH CENTER
for Democratic Governance
and Innovation

proximity

# ရခိုင်ပြည်နယ်ဆိုင်ရာ မူဝါဒများ

## ပြည်နယ်အစိုးရအသစ်အတွက် ထည့်သွင်းစဉ်းစားစရာများ

မြန်မာနိုင်ငံရှိ Proximity Designs အဖွဲ့အတွက် ရေးသားပြုစုသည်။

အောက်တိုဘာလ ၂၀၁၆ ခုနှစ်

နောက်ဆက်တွဲ ဆွေးနွေးမှုများအတွက် အခြေခံအဖြစ် ရည်ရွယ်ထားသည့် ဤစာတမ်းကို David Dapice (David _Dapice@harvard.edu)က ဇန်နဝါရီလ၊ ၂၀၁၆ခုနှစ်တွင် ရခိုင်ပြည်နယ်သို့ ကွင်းဆင်းလေ့လာအပြီး သုတေသနများကို ဆက်လက်ပြုလုပ်ကာ ရေးသားပြုစုထားသည်။ စာတမ်းပါ သုံးသပ်ချက်များသည် စာတမ်းရှင်၏ ပုဂ္ဂလိက အမြင်သာဖြစ်ပြီး Proximity၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ ဟားဗတ် တက္ကသိုလ်တို့၏ ယူဆချက်များနှင့် ကွဲပြားမှုရှိနိုင်ပါသည်။ ဤစာတမ်း အပါအဝင် မကြာမီက ရေးသားပြုစုခဲ့သော Ash – Proximity တို့မှ ပူးတွဲထုတ်ဝေသည့် မြန်မာနိုင်ငံဆိုင်ရာ စာတမ်းများကို http://ash.harvard.edu/journal-articles တွင် ဖတ်ရှုနိုင်ပါသည်။

## အနှစ်ချုပ်တင်ပြချက်

ရခိုင်ပြည်နယ်သည် မကြာမီက မြန်မာနိုင်ငံ၏ အနွမ်းပါးဆုံးပြည်နယ်ဖြစ်လာပြီး ချင်းပြည်နယ်ထက်ပင် ပို၍ဆင်းရဲလာသည်။ အဓိကနောက်ခံအကြောင်းအရာမှာ ဘာသာရေးပဋိပက္ခဖြစ်ပြီး နေရပ်စွန့်ခွာတိမ်းရှောင်သူ မွတ်စလင်ဘာသာဝင်များ နေထိုင်နေသော၊ အခြားသူများနှင့် ဆက်စပ်မှုမရှိဘဲ သီးသန့်ဖြစ်နေသော ဒုက္ခသည်စခန်းကြီးများကိုလည်း ပေါ်ပေါက်စေခဲ့ပါသည်။ အခြားမွတ်စလင်ဘာသာဝင် တစ်သန်းကျော်မှာလည်း ပဋိပက္ခကြောင့် မိမိတို့ လက်ရှိနေထိုင်လျက်ရှိသော မြို့နယ်များတွင်သာ အကန့်အသတ်ခံနေရသည်။ နှစ်ပေါင်းများစွာ နိုင်ငံတော်၏ လျစ်လျူရှုခံရခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု အနည်းအကျဉ်းသာရှိခြင်းတို့ကြောင့်လည်း ဘာသာမျိုးစုံမှ လူငယ်လုပ်သားအများအပြားက ပြည်နယ်မှ ထွက်ခွာသွားခဲ့ပါသည်။

မြန်မာအစိုးရအသစ်အနေဖြင့် ထိုဆိုးရွားသည့် အနေအထားမှ ဦးပြန်လည်စေနိုင်ရန် အခွင့်အလမ်း ရှိနေပါသည်။ ထိုအခြေအနေကို ပြင်ဆင်ရန် အောက်ဖော်ပြပါ အကြံပြုချက်များက အထောက်အကူ ပြုနိုင်ပါသည်။

1. (၂၀၁၄) ခုနှစ်တွင် ကောက်ခံခဲ့သော နိုင်ငံလုံးဆိုင်ရာ သန်းခေါင်စာရင်းမှ ဘာသာကိုးကွယ်မှုဆိုင်ရာ အချက်အလက်များအရ မြန်မာပြည်တွင် နေထိုင်သော မူဆလင်ဘာသာဝင်များ၏ ရာခိုင်နှုန်းမှာ (၁၈၈၂)ခုနှစ်နှင့် နှိုင်းယှဉ်ပါက ပြောင်းလဲမှု မဆိုစလောက်သာ ရှိပါသည်။ (အသေးစိတ်ကို နောက်ဆက်တွဲ (ခ) မှ သရုပ်ပြပုံတွင် ရှုပါ။) မူဆလင်များ မြန်မာနိုင်ငံအတွင်းသို့ ပြောင်းရွှေ့နေထိုင်သည်၊ အခြားဘာသာဝင်များကို ဘာသာကူးပြောင်းစေသည်၊ မူဆလင်များအကြား ကလေးမွေးဖွားမှုနှုန်း အဆမတန် မြင့်မားသည် စသည့်အကြောင်းအရာများကြောင့် မြန်မာနိုင်ငံတွင် ယုံကြည်ကိုးကွယ်သူပေါင်း ၉၀%မျှရှိသည့် ဗုဒ္ဓဘာသာအနေဖြင့် မူဆလင်ဘာသာမှ ခြိမ်းခြောက်ခံနေရသည်ဆိုသည့် ပြောဆိုမှုများကို သန်းခေါင်စာရင်းပါ ထိုအချက်အလက်များအား အသုံးပြု၍ ခိုင်ခိုင်မာမာ ငြင်းဆိုနိုင်ပါလိမ့်မည်။ ၎င်းတို့ကို လူအများသိနားလည်လာရန် ပြုလုပ်နိုင်ပါက ခြေခြေမြစ်မြစ် မရှိဘဲ ပြောဆိုငြင်းခုံနေကြသည့် ဘာသာရေးအစွန်းရောက်အုပ်စုများ၏ အဆိုများကို အားနည်းလာစေနိုင်မည် ဖြစ်ပါသည်။

2. ရပ်မိရပ်ဖများနှင့် အစိုးရအရာရှိများထံမှ အကြံဉာဏ်၊ ထောက်ခံမှုတို့ကို မူဆလင်ဘာသာဝင်တစ်ဦးခြင်းစီအတွက် ရယူပြီး စီစစ်ကာ ရခိုင်ပြည်နယ်အတွင်းတွင်

အလုပ်အကိုင်ရှာဖွေရန် သွားလာခွင့်ပေးနိုင်သည်။ လုံခြုံရေးအတွက် နေထိုင်ခွင့်လက်မှတ်များကို ၎င်းတို့အား ထုတ်ပေးနိုင်ပါသည်။ ထိုလက်မှတ်များမှာ နိုင်ငံသားဖြစ်ခွင့် မဟုတ်ပါ။

3. ရခိုင်ပြည်နယ်အတွင်း လုပ်သားရွှေ့လျားမှု အားကောင်းလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာသည်နှင့်အမျှ ဒုက္ခသည်စခန်းများကို ပိတ်သိမ်းနိုင်ပါသည်။ ထိုစခန်းများမှ မူဆလင်ဘာသာဝင်များအား သူတို့၏ မူရင်းနေထိုင်ရာကို ပြန်ခွင့်ပေးခြင်း၊ ထိုနေရာများတွင် ပြန်လည်နေထိုင်ရန် လုံခြုံမှုမရှိဟု ခံစားရပါက အခြားနေရာများတွင် အခြေချနေထိုင်ရန် ကူညီပေးသင့်သည်။

4. စပါးနှင့် အခြားသီးနှံများအတွက် မျိုးကောင်းမျိုးသန့်များကို ဖြန့်ဝေပေးရပါမည်။ ခြောက်သွေ့ရာသီ အတွင်း စိုက်ပျိုးရေးကို အားပေးနိုင်ရန် ရေတိုအစီအစဉ်အဖြစ် ဆည်မြောင်းစီမံကိန်း အသေးစားများအား အကောင်အထည်ဖော်ရမည်။ ထိုအချက်များက မြေယာနှင့် အလုပ်အင်အား၏ အကျိုးအမြတ်ကို ပိုမိုတိုးပွားစေသလို ဝင်ငွေရရှိစေနိုင်မည့် အခွင့်အလမ်းများကိုလည်း မြှင့်တင်ပေးပါလိမ့်မည်။

5. သယ်ယူပို့ဆောင်စရိတ် ကျဆင်းစေရန် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးစနစ်၊ လမ်းများ၊ သင့်တော်သည့် ဆိပ်ကမ်းများအား တိုးချဲ့ခြင်းတို့တွင် ဆက်လက်ရင်းနှီးမြှုပ်နှံသွားရမည်။

6. ရခိုင်ပြည်နယ်အတွင်း ဘဏ်လုပ်ငန်းများမှာ ကောင်းစွာဖွံ့ဖြိုးမှု မရှိသေးပါ။ ၎င်းကို တိုးတက်စေပြီး အဖွဲ့အစည်းအားလုံးမှ လက်ခံနိုင်လောက်သော ငွေကြေးစနစ်များကို စမ်းသပ်သွားရမည်။

7. ကျောက်ဖြူဆိပ်ကမ်းအား ဆက်လက်ဆောင်ရွက်မည်ဆိုပါက အတိုင်းအဆဖြင့်သာ စတင်ပြုလုပ်သင့်ပြီး ပြည်နယ်မှ ဆုံးဖြတ်ပိုင်ခွင့် ရှိရပါမည်။ တရုတ်ကုမ္ပဏီမှ လက်ရှိကမ်းလှမ်းထားသည့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များမှာ စီးပွားရေးအရ အကျိုးအမြတ်ရှိရန် မဖြစ်နိုင်ပါ။

အထက်ပါအချက်များသည် ထုတ်လုပ်အားကို တိုးမြင့်စေပြီး ဆင်းရဲနွမ်းပါးမှုကို ကျဆင်းစေကာ စီးပွားရေးအခွင့်အလမ်းများ ပိုမိုများပြားလာစေမည့်အပြင် နောင်တွင် ရခိုင်ပြည်နယ်ရှိ မတူညီသော အုပ်စုများအကြား လူမှုရေးပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးတက်လာစေပါမည်။

## နောက်ခံသမိုင်း

လွန်ခဲ့သော နှစ်အနည်းငယ်တွင် ဖြစ်ပွားလျက်ရှိသည့် အကြမ်းဖက်မှုစွက်သည့် ဘာသာရေးပဋိပက္ခနှင့် ယှဉ်တွဲ၍ ရခိုင်ပြည်နယ်ကို လူသိအများဆုံး ဖြစ်ပါသည်။ ထိုပဋိပက္ခများကြောင့် မူဆလင် ဘာသာဝင်ပေါင်း ၁၅၀,၀၀၀ ခန့်သည် ဒုက္ခသည်စခန်းများတွင် နေထိုင်နေရပြီး စခန်းပြင်ပရှိ ရခိုင်ပြည်နယ်အခြားဒေသများမှ မူဆလင်တစ်သန်းခန့်အနက် အများစုမှာလည်း သွားလာလှုပ်ရှားခွင့် အလွန်အမင်း ကန့်သတ်ခံနေရပါသည်။ နောက်ဆက်တွဲအဖြစ် လုပ်သားရှားပါးမှုပြဿနာ ဖြစ်ပေါ်လာခဲ့သည်။ ထိုအချက်နှင့်အတူ သဘာဝနှင့် အခြေခံအဆောက်အဦဆိုင်ရာ အဟန့်အတားများက စီးပွားရေး အခက်အခဲများကို ပေါ်ပေါက်စေခဲ့သည်။ အခုအချိန်တွင် ရခိုင်ပြည်နယ်သည် ဆင်းရဲနွမ်းပါးမှု အတိုင်းအတာနှင့်သာမက လူတစ်ဦးချင်းဝင်ငွေအနေနှင့်ပါ (တစ်နိုင်ငံလုံးတွင်) အခြေအနေအဆိုးဆုံး ဖြစ်နေပြီဟု ဆိုကြပါသည်။

အကျိုးအမြတ်အတွက်မဟုတ်သည့် အဖွဲ့အစည်းတစ်ခု၏ အဆိုအရ မူဆလင်အများစု နေထိုင်လျက်ရှိသော မောင်းတောမြို့နယ်၏ အာဟာရချို့တဲ့မှုနှုန်းမှာ ကမ္ဘာပေါ်တွင် အဆိုးရွားဆုံးထဲတွင် ပါဝင်သည်။ အစိုးရအနေဖြင့် ထိုအခြေအနေကို ဖြေရှင်းရမည် ဖြစ်သော်လည်း အသုံးပြုနိုင်သည့် အရင်းအမြစ်များမှာ အကန့်အသတ်ရှိနိုင်ပါသည်။ တစ်ချိန်တည်းမှာပင် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနိုင်ခြေ ရှိသောကြောင့် စစ်တပ်၊ နယ်ခြားစောင့်တပ်နှင့် ရဲတပ်ဖွဲ့ဝင် အများအပြားကို ပြည်နယ်အနှံ့တွင် တပ်စွဲထားစေပြီး ၎င်းတို့၏ တည်နေရာမှာ အများအားဖြင့် တောင်သူလယ်သမားများ ပိုင်ဆိုင်သည့် လယ်မြေများပေါ်တွင် ဖြစ်ပါသည်။ အကျိုးဆက်မှာ ထောင်နှင့်ချီသော ဗုဒ္ဓဘာသာနှင့် မူဆလင်လယ်သမားများ နေရာရွှေ့ပြောင်းကြရခြင်း ဖြစ်သည်။

အထက်ပါ လတ်တလောဖြစ်စဉ်များအပြင် မြန်မာ့သမိုင်းတလျှောက်မှ ရေရှည်အမြင်ဖြင့်လည်း သုံးသပ်နိုင်ပါသည်။ ပါမောက္ခ ဂျေ အက်(စ) ဖာနီဗယ် (J. S. Furnivall) သည် နှစ်ဆယ်ရာစုနှစ် ပထမပိုင်း၏ မြန်မာနိုင်ငံဆိုင်ရာ ပညာရှင်၊ စာရေးဆရာများအနက် အထင်ရှားဆုံးဖြစ်ပြီး မြန်မာသုတေသနအသင်းကို (၁၉၀၆)ခုနှစ်တွင် ပူးတွဲတည်ထောင်ကာ မြန်မာအမျိုးသမီးတစ်ဦးနှင့် ထိမ်းမြားခဲ့ပါသည်။ သူ၏အဆိုအရ ကိုလိုနီစနစ်သည် မြန်မာနိုင်ငံ၏ ရိုးရာအစဉ်အလာ လူ့အဖွဲ့အစည်း တည်ဆောက်ပုံကို ဖျက်ဆီးခဲ့ပြီး ၎င်း၏ နေရာတွင် "လူမျိုးစုံပါဝင်သည့် လူ့အဖွဲ့အစည်း" တစ်ခုအား ဖန်တီးခဲ့ပါသည်။ ထိုစနစ်အသစ်တွင် ကွဲပြားမှု များစွာရှိသော ယဉ်ကျေးမှုစနစ်များကို ကျင့်သုံးသူများ ယှဉ်တွဲနေထိုင်ကြသော်လည်း စီးပွားရေးကဏ္ဍအရ ကူးလူးဆက်ဆံခြင်းမှလွဲ၍ အခြားအဓိပ္ပါယ်ပြည့်ဝသည့် လူမှုဆက်ဆံရေးများ မရှိကြပါ။ ထိုအခြေအနေမှာ

ရေရှည်မတည်တံ့နိုင်သောကြောင့် စစ်မှန်သည့် လူမှုရေး၊ အမျိုးသားရေး ညီညွတ်မှုကို ဖန်တီးနိုင်ရန် အဖွဲ့အစည်းပေါင်းစုံ အတူတကွပူးပေါင်း၍ မြန်မာ့လူ့အသိုင်းအဝိုင်းကို ပြန်လည်တည်ထောင်ရန် လိုအပ်သည်ဟု ပါမောက္ခ ဖာနီဗယ်က ဆိုခဲ့ပါသည်။

"အကယ်၍… ထိုအခက်အခဲများကို မကျော်လွှားနိုင်ခဲ့လျှင် ကျွန်ုပ်တို့၏ နောင်လာနောက်သားများသည် အချိန်တစ်ခုအတွင်း၊ ဥပဒေမဲ့ မင်းမဲ့စရိုက် အမြစ်စွဲလာပြီးနောက် အနေးနှင့် အမြန်ဆိုသလို မြန်မာနိုင်ငံကို တရုတ်ပြည်၏ ပြည်နယ်တစ်ခုအနေနှင့်သာ တွေ့ကြရတော့မှာ ဖြစ်ပါတယ်" ဟူသော (၁၉၃၁) ခုနှစ်ထုတ် "မြန်မာနိုင်ငံ နိုင်ငံရေးဘောဂဗေဒ မိတ်ဆက်" စာအုပ်ပါ သူ၏အဆိုမှာ အများသိဖြစ်ပါသည်။

ပါမောက္ခ ဖာနီဗယ်အနေဖြင့် ထိုအချိန်တွင် တရုတ်နိုင်ငံအနေဖြင့် အင်အားချဲ့လိုသည်ဟု ဆိုလိုခြင်းမဟုတ်ပါ၊ ၎င်းတို့၏ စုစည်းအားကောင်းပြီး သမိုင်းကြောင်းရှည်သော ယဉ်ကျေးမှုက အိမ်နီးချင်းမြန်မာနိုင်ငံမှ လစ်ဟာနေသော ကွက်လပ်အား ဇေန်နေရာယူသွားလိမ့်မည်ဟု ပြောလိုခြင်း ဖြစ်ပါသည်။ ထို "လူမျိုးစုံပါဝင်သည့် လူ့အဖွဲ့အစည်း" ပြဿနာမှာ ဗုဒ္ဓဘာသာဝင်များနှင့် မူဆလင်ဘာသာဝင်များ ယှဉ်တွဲနေထိုင်နေသော်လည်း တစ်ဦးနှင့်တစ်ဦး အယုံအကြည် အပြည့်အဝမရှိသည့် ရခိုင်ပြည်နယ်တွင် အထူးသိသာပါသည်။ ယနေ့အခါတွင် တရုတ်နိုင်ငံသည် (၁၉၃၁) ခုနှစ်ထက် ပို၍တောင့်တင်းနေပြီး ၎င်း၏ လွှမ်းမိုးမှုမှာလည်း ပိုမိုအားကောင်းလာပါသည်။ ၎င်း၏ "တစ်နိုင်ငံ၊ သမုဒ္ဒရာနှစ်ခု" ဟူသော အတွေးက ရခိုင်ပြည်နယ်အတွက် အကျိုးဆက်များ ရှိလာနိုင်ပါသည်။

ဗုဒ္ဓဘာသာကိုအကြောင်းပြုပြီး အကြမ်းဖက်မှုများ မြင့်တက်လာခြင်း၏ အကြောင်းအရင်း တစ်စိတ်တစ်ပိုင်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကို ရှုံးနိမ့်စေလိုသူများမှ မြှောက်ပင့်သွေးထိုးမှုများ ပါဝင်သလို မြန်မာနိုင်ငံသားများအချို့၏ စိတ်ထဲတွင် အမြစ်တွယ်နေသော ယုံကြည်ချက်များလည်း ပါပါသည်။ မူဆလင်ဘာသာဝင်များမှ မျိုးပွားနေကြပြီး အခြားသူများကိုလည်း ဘာသာကူးပြောင်းစေခြင်းဖြင့် ဗုဒ္ဓဘာသာနိုင်ငံတစ်နိုင်ငံကို မူဆလင်လွှမ်းမိုးသည့် နိုင်ငံအဖြစ် ဖန်တီးလိုသည်ဟူ၍ လွဲမှားစွာ ဆိုကြပါသည်။ (ဥပမာအဖြစ် ယခု အင်ဒိုနီးရှားနိုင်ငံ တည်ရှိသည့် ဒေသတွင် တစ်ဆယ့်သုံးရာစုမှ တစ်ဆယ့်ခြောက်ရာစုအတွင်း ဗုဒ္ဓဘာသာမှ အစ္စလာမ်ဘာသာကိုးကွယ်မှုသို့ ပြောင်းလဲယုံကြည်မှုကို မူဆလင်ရေရှည်စီမံကိန်း၏ သက်သေအဖြစ် ပြောဆိုနေကြပါသည်။ သို့သော် သမိုင်းကို ဆန်းစစ်ပါက ထိုဘာသာပြောင်းလဲကိုးကွယ်မှုမှာ ငြိမ်းချမ်းပြီး တစ်ဖြည်းဖြည်းချင်း အလိုအလျောက်ဖြစ်သည့် ဖြစ်စဉ်ဖြစ်ကြောင်း သက်သေပြနေပါသည်။) (၁၈၈၁)ခုနှစ်

ဗမာနိုင်ငံ သန်းခေါင်စာရင်းအရ မူဆလင် ဘာသာဝင်မှာ ၄.၃% ရှိပြီး (၂၀၁၄)ခုနှစ် ကောက်ခံခဲ့သည့် သန်းခေါင်စာရင်းက ထုတ်ပြန်သည့် မူဆလင်အချိုးမှာ ထိုထက်ပင်အနည်းငယ် လျော့နည်းသည့်အတွက် အထက်တွင် ဖော်ပြထားသည့် မူဆလင်ဝါဒ လွှမ်းမိုးလာသည်ဆိုသောအချက်ကို လွန်ခဲ့သည့်နှစ်ပေါင်း (၁၃၀)အတွင်း မြန်မာနိုင်ငံအခြေအနေအတွက်၊ သို့မဟုတ် ထို့ထက်ပို၍တိုတောင်းသည့် ကာလများအတွက်ပင် မှန်ကန်မှု မရှိကြောင်း သိနိုင်ပါသည်။[1]

ရခိုင်ပြည်နယ်၏ နောက်ကျကျန်ရစ်ခဲ့သော စီးပွားရေးသည် ရေရှည်ပြဿနာတစ်ခုဖြစ်သည်။ လမ်းများနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးစနစ်များမှာလည်း ရခိုင်ပြည်နယ်တွင် မည်သည့်အခါကမှ ကျယ်ကျယ်ပြန့်ပြန့် မရှိခဲ့သောကြောင့် စီးပွားရေးအခွင့်အလမ်းများအတွက် အဟန့်အတား ဖြစ်နေခဲ့ပါသည်။ ထို့ကြောင့် (ဗုဒ္ဓဘာသာဝင်) ရခိုင်လူငယ် အလုပ်သမားများစွာ ပြည်နယ်အပြင်သို့ ထွက်ခွာသွားခဲ့သည်။ ခန့်မှန်းချက် တစ်ခုအရ လူငယ်တစ်သန်းခန့်ပင် ထွက်ခွာသွားခဲ့ပြီဟု ဆိုပါသည်။ မူဆလင်များ ထွက်ခွာသွားမှုမှာမူ အန္တရာယ်ပိုများပြီး ကုန်ကျစရိတ်လည်းပိုကြီးသည့် တရားမဝင်ရေလမ်းခရီးကိုသာ အသုံးပြုနိုင်သောကြောင့် ရခိုင်များမှ ထွက်ခွာမှုအရေအတွက်ထက် များစွာနည်းပြီး လူဦးရေ တစ်သိန်းသုံးသောင်းမှ တစ်သိန်းရှစ်သောင်းခန့်သာ ရှိပါလိမ့်မည်။[2] ထိုကဲ့သို့ ပညာတတ်များအားဆုံးရှုံးလိုက်ရမှုနှင့် အသက်မွေးဝမ်းကျောင်းမှု ပညာတစ်ခုခု မတတ်ကျွမ်းသော လူငယ်လုပ်သားများအား လက်လွှတ်လိုက်ရခြင်းသည်ပင် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကို အကြီးအကျယ်ထိခိုက်နေပါသည်။

ပြဿနာများအနက် နောက်တစ်ခုမှာ မူဆလင်များက မိမိကိုယ်ကို "ရိုဟင်ဂျာ" ဟု သတ်မှတ်ခေါ်ဆိုခြင်းသည် ၎င်းတို့က ရခိုင်ပြည်နယ်အတွင်း နယ်မြေအစိတ်အပိုင်းတစ်ခုကို ခွဲထုတ်ပြီး တိုင်းရင်းသားလူမျိုးစုတစ်ခုအဖြစ်

---

[1] (၁၉၈၃) ခုနှစ် သန်းခေါင်စာရင်းနှင့် ဆက်နွယ်နေသော ကျွမ်းကျင်သူများ၏ အဆိုအရ ထိုအချိန်က ထုတ်ပြန်ခဲ့သော မူဆလင်ဘာသာဝင်များ၏ ရာခိုင်နှုန်းကို အကြောင်းပြု၍ ပြဿနာတက်လာနိုင်သောကြောင့် ရှိရင်းစွဲထက် လျော့နည်းထုတ်ပြန်ခဲ့သည်။ လွန်ခဲ့သော နှစ်သုံးဆယ်အတွင်း မြန်မာနိုင်ငံတွင် နေထိုင်သော မူဆလင်ရာခိုင်နှုန်း မဆိုစလောက်ပြောင်းလဲခြင်းမှာ ဖြစ်နိုင်ပါသည်။

[2] Rakhine State Needs Assessment, September 2015, Center for Diversity and National Harmony, Yangon. ရခိုင်ပြောင်းရွှေ့ထွက်ခွာမှု ပမာဏကို စာမျက်နှာ ၃၁၊ မူဆလင်ပြောင်းရွှေ့ထွက်ခွာမှု ပမာဏကို စာမျက်နှာ ၇ တို့တွင် ဖော်ပြထားပါသည်။ ၎င်းတို့မှာ (၂၀၁၂) ခုနှစ်အတွက် ခန့်မှန်းချက်များဖြစ်သောကြောင့် ယခုအချိန်တွင်မူ ထိုပမာဏထက် ပိုများနေပါသည်။

တရားဝင်အသိအမှတ်ပြုမှု ရယူလိုခြင်းကြောင့်ဖြစ်သည်ဟု ရခိုင်ဗုဒ္ဓဘာသာဝင်များက သံသယရှိနေခြင်းဖြစ်သည်။ အချို့သော ရခိုင်ပြည်သူများက "ရိုဟင်ဂျာ" ဆိုသော အသုံးအနှုန်းသည် ထိုသူများက ပြည်ပနိုင်ငံခြား ပရိသတ်များမှ ၎င်းတို့ကို ထောက်ခံမှုရရှိရန် တမင်အသုံးပြုခြင်းသာဖြစ်ပြီး ပြည်တွင်းတွင် မိမိကိုယ်ကို ရိုဟင်ဂျာမျိုးနွယ်စုအဖြစ် အဓိကမဟုတ်ဘဲ မူဆလင်ဘာသာဝင်အဖြစ်သာ သတ်မှတ်သည်ဟု ယုံကြည်ကြသည်။

ဘယ်အရာက မှန်သည်ဆိုသည်ကို သိရှိရန်ခက်ခဲသော်လည်း ထိုစိုးရိမ်မှုများမှာ လက်ရှိအခြေအနေ၏ တစ်စိတ်တစ်ပိုင်း ဖြစ်သောကြောင့် ၎င်းတို့ကို ထည့်သွင်းစဉ်းစားရပါမည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ (အထင်နှင့် ကွာခြားနေသည်မှာ) ပြည်နယ်အတွင်း လုပ်သားရှားပါးမှု ပြဿနာကို ဖြေရှင်းနိုင်ရန်နှင့် ပြည်နယ်အတွင်း မူဆလင်အရေအတွက် လျော့ကျစေရန် ရခိုင်လူမျိုးအများအပြားက မူဆလင်များအား ပို၍လွတ်လပ်စွာ သွားလာခွင့်ပြုစေလိုသည်။ သို့သော်လည်း အချို့ကမူ ထိုသူများ ထွက်ခွာသွားခြင်းဖြင့် "လစ်ဟာသွားသော ကွက်လပ်များ" အား စည်းကြပ်မှု အပြည့်အဝမရှိသည့် ပြည်နယ်မြောက်ပိုင်း နယ်စပ်ဒေသများမှတဆင့် အလွယ်တကူ ဝင်ရောက်လာနိုင်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရွှေ့ပြောင်းသူအသစ်များက အစားထိုးနေရာယူလိုက်ပါလျှင် ထူးမခြားနားရှိမည်ကို စိုးရိမ်မကင်း ဖြစ်နေကြောင်းလည်း ဖွင့်ဟကြပါသည်။

နယ်စပ်လုံခြုံရေး ပိုမိုကောင်းမွန်စေရန် ပြုလုပ်နိုင်သော်လည်း အဂတိလိုက်စားမှုကို ထိန်းချုပ်ရန်မှာ စီမံခန့်ခွဲမှုကောင်းရန်လိုအပ်ပြီး လှုံ့လလည်း လိုပါသည်။ ရခိုင်ပြည်နယ်နေ မူဆလင်များအနေဖြင့် ထွက်ခွာခွင့်သာရပါက မည်မျှက ထွက်ခွာမည်ကို မသိနိုင်သလို ထွက်သွားသည့် ပမာဏကို အသစ်ဝင်လာနိုင်သူများမှ မည်မျှမြန်မြန်ဆန်ဆန် အစားထိုးမည်ကိုလည်း မသေချာပါ။ ရခိုင်ပြည်နယ်တွင် လုပ်အားခများ မြင့်တက်လာသည်ဟူသောအဆိုမှာ မှန်ကန်ပြီး အလုပ်အကိုင် အခွင့်အလမ်းရှိသည့် ကာလများတွင် အမျိုးသားလုပ်သားတစ်ဦးအနေဖြင့် တစ်ရက်လျှင် နေ့တွက် လေးဒေါ်လာခန့် ရပါသည်။ သို့တိုင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း ကျေးလက်လုပ်အားခများသည် (၂၀၀၈)ခုနှစ်မှစ၍ လျင်မြန်စွာ မြင့်တက်လာလျက်ရှိသည်။[3]

---

[3] S. Wiggins နှင့် S. Keats တို့မှ ဖွန်လ (၂၀၁၅)ခုနှစ်တွင် ရေးသားထုတ်ဝေသော "Rural Wages in Asia" (http://www.odi.org/publications/ 8747-rural-wages-asia) ကို ရှုပါ။ ထိုဆောင်းပါးအရ (၂၀၀၅) မှ (၂၀၁၀) အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကျေးလက်လုပ်အားခများ သည် ၅၀% တိုးမြင့်လာသည်။ ထိုအချိန်မှစ၍ စက်ရုံလုပ်အားခများသည် သိသာစွာမြင့်တက်လာသည်။ (၂၀၁၄) တွင် အမျိုးသမီးစက်ရုံအလုပ်သမများ၏ တစ်လစာ

ရခိုင်ပြည်နယ်မြောက်ဘက်တွင် လတ်တလော ဖြစ်ပွားခဲ့သည့် မူဆလင်အစွန်းရောက်များ၏ အကြမ်းဖက်မှုကလည်း အထက်ဖော်ပြပါ သွားလာပြောင်းရွှေ့ခွင့်ကိစ္စကို အလျင်အမြန် နည်းလမ်းရှာဖြေရှင်းရန် အရေးကြီးကြောင်း ထောက်ပြနေပါသည်။ ထိုသူများအားလုံးကို ယခင်အတိုင်း ပြည်နယ်တွင်းတွင် လွတ်လပ်စွာသွားလာခွင့်ပေးရန် ဖြစ်နိုင်သည့် အခြေအနေမရှိပါ။ သို့သော် လုပ်သားလိုအပ်ချက်ကို ဖြေရှင်းရန် တစ်ဦးချင်းစီအတွက် ရပ်မိရပ်ဖများနှင့် အစိုးရအရာရှိများ၏ အကြံဉာဏ်ကိုရယူပြီး စီစစ်ကာ ပြည်နယ်အတွင်းတွင် သွားလာခွင့်ပေးခြင်းမှာမူ ဖြစ်နိုင်ပါသေးသည်။ ထိုသို့စီစစ်ပြီးသူများကို အထူးနေထိုင်ခွင့် ကတ်ပြားများထုတ်ပေးနိုင်ပါသည်။ ထိုကတ်များမှာ နိုင်ငံသားဖြစ်ခွင့်ပေးခြင်းမဟုတ်ပါ။ လက်ရှိအခြေအနေကို တိုးတက်လာအောင် မပြုလုပ်ဘဲ ဖိနှိပ်သည့်နည်းလမ်းကို အားကိုးခြင်းက မကျေနပ်မှုများကို ထပ်တိုးလာစေရုံသာမက ဘင်္ဂလားဒေ့ရှ်မှ လက်နက်ပိုပြည့်စုံသည့် အုပ်စုများကိုပါ မြန်မာပြည်ပဋိပက္ခထဲသို့ ဝင်ရောက်လာစေပါလိမ့်မည်။ ပြည်တွင်းလုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားမှုမှာ အရေးကြီးပါသည်။ အလားတူပင် ရခိုင်ပြည်နယ်အတွင်း နေထိုင်နေသူများအားလုံး သက်မွေးဝမ်းကျောင်းမှု ပြုလုပ်နိုင်ရန် တစ်ဆင့်ပြီးတစ်ဆင့် ခွင့်ပြုနိုင်မည့် နည်းလမ်းကလည်း အရေးကြီးသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ အချို့ဝန်ထမ်းများက ယခင်ပြဿနာများသည် ဒေသခံ ပြည်သူများကြောင့် ဖြစ်ပွားခြင်းမဟုတ်ဘဲ "ပြင်ပသွေးထိုးသူများ"၏ ပရောဂကြောင့် ဖြစ်သည်၊ အနည်းဆုံး အစပိုင်းတွင် ထိုသို့ဖြစ်သည်၊ ၎င်းတို့သည် အာဏာပိုင်များ၏ ထောက်ခံမှုကို တစ်စိတ်တစ်ပိုင်းရရှိသည်ဟု ယူဆကြသည်။ ထိုအမြင်မှာ မှန်ကန်ခြင်းရှိ၊ မရှိ ပြောရန်ခက်ပါသည်။ သို့သော်လည်း မှန်ကန်ပါက အနာဂါတ် ငြိမ်းချမ်းရေး ရရှိရန်အတွက်၊ ဖြစ်နေဆဲ အကြမ်းဖက်မှုများ ပိုမိုဆိုးဝါးလာမည့် အနေအထားမှ ကာကွယ်ရန်အတွက် ထိုသို့လှုံ့ဆော်မှုမျိုးကို ထိန်းချုပ်ရန် လိုအပ်ပါသည်။

---

အနည်းဆုံးလုပ်အားခသည် ၆၇ ဒေါ်လာအထိ ၇၇% တိုးလာပြီး (၂၀၁၅)တွင် အစိုးရဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ တစ်လလျှင် ၁၀၃ ဒေါ်လာဖြစ်သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ကျေးလက်အလုပ်သမား တစ်ဦးသည် တစ်နေ့လျှင် ၄ ဒေါ်လာဖြင့် တစ်နှစ်လျှင် လေးလသာ လုပ်ကိုင်နိုင်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အမျိုးသားများသည် ပုံမှန်အားဖြင့် အမျိုးသမီးများထက် ၃၀ - ၄၀% ဝင်ငွေပိုမိုရရှိကြသည်။ ထိုအမျိုးသမီးများသည်လည်း (၂၀၁၄)ခုနှစ်မှစ၍ လုပ်အားခပိုကောင်းသည့် ကျေးလက်အလုပ်အကိုင်များအတွက် မြို့ပြအားစွန့်ခွာလျက် ရှိကြပါသည်။ အမျိုးသားများကမူ အာရပ်ပင်လယ်ကွေ့ဒေသနှင့် မြို့ပြဒေသများတွင် ပို၍အလုပ်လုပ်လိုကြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကျေးလက်ဆင်းရဲနွမ်းပါးမှုသည် လျှင်မြန်စွာ ကျဆင်းနေပါသည်။

## သုတေသနခရီးစဉ်အတွင်း သုံးသပ်ချက်များ

Proximity-Harvard အဖွဲ့သည် (၂၀၁၆)ခုနှစ် ဇန်နဝါရီ ၂၀ရက်နှင့် ဖေဖော်ဝါရီလ ၃ရက်အကြား မြန်မာနိုင်ငံ ခရီးစဉ်အတွင်း ရခိုင်ပြည်နယ်သို့ သွားရောက်ခဲ့ပြီး၊ ထိုခရီးမှာ (၂၀၁၄)ခုနှစ်မှစ၍ တတိယအကြိမ် သွားရောက်ခြင်း ဖြစ်သည်။ ခရီးစဉ်၏ ရည်ရွယ်ချက်မှာ NLD အစိုးရသစ်အတွက် စီးပွားရေး အလားအလာများကို စူးစမ်းလေ့လာရန်ဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်အများစုမှာ NLD မဟုတ်ဘဲ ရခိုင်အမျိုးသားပါတီ (ANP) မှ ဖြစ်နေသောကြောင့် အခြေအနေမှာ အခြားပြည်နယ်အများစုနှင့် မတူဘဲ ပြည်နယ်အစိုးရ ဖွဲ့စည်းရန် အနည်းငယ်ရှုပ်ထွေးပါသည်။ သမ္မတသည် NLD ပါတီဝင်တစ်ဦးကို ပြည်နယ်ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ပြီးဖြစ်သော်လည်း ယခုအချိန်တွင်မူ ANP ၏ ထောက်ခံမှုကို မရရှိပါ။

သုတေသနအဖွဲ့သည် စစ်တွေ၊ မောင်းတောနှင့် ကျောက်တော်မြို့နယ်များသို့ သွားရောက်လေ့လာခဲ့သည်။ မောင်းတောသည် မူဆလင်အများစု နေထိုင်သော နေရာတစ်ခုဖြစ်ပြီး ကျောက်တော်တွင်မူ အဓိကအားဖြင့် ဗုဒ္ဓဘာသာဝင်များ နေထိုင်ကြသည်။ (မကြာသေးခင်က သွားရောက်ခဲ့သော အခြားသုတေသနခရီးတွင်မူ ကျောက်ဖြူကို အဓိကထားလေ့လာခဲ့သည်။) လယ်သမားများ၊ မြေယာမဲ့အလုပ်သမားများမှ အစပြု၍ စီးပွားရေးသမားများ၊ ဆန်စက်ပိုင်ရှင်များနှင့် ကုန်သည်များအထိ လူမျိုးစုံနှင့် တွေ့ဆုံခဲ့ပါသည်။ ထို့အပြင် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကိုလည်း တွေ့ဆုံခဲ့သည်။ သုတေသန၏ ဦးစားပေး အကြောင်းအရာမှာ စိုက်ပျိုးရေးဖြစ်သော်လည်း ပြောင်းရွှေ့ အခြေချခြင်း၊ လုပ်သားလိုအပ်မှုနှင့် ထုတ်ကုန်များကို ဈေးကွက်ထဲသို့ တင်သွင်းခြင်းစသည့် အကြောင်းအရာများကလည်း ဆွေးနွေးမှုများတွင် ဆက်စပ်ပါဝင်လာခဲ့ပါသည်။

ရခိုင်ပြည်နယ်တွင် စိုက်ပျိုးရေးအတွက် မျိုးကောင်းမျိုးသန့်များ အလွန်လိုအပ်နေပါသည်။ ထိုအခြေအနေကို ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသမှာတွင်လည်း ကျွန်တော်တို့ တွေ့ရှိခဲ့ပါသည်။ စိုက်ပျိုးရေးဝန်ကြီးဌာနသည် မျိုးစပ်စပါး မျိုးစေ့များအား ပေးဝေရန်သာ အာရုံစိုက်နေပြီး အခြားအသီးအနှံများကို ဂရုမပြုသေးဟု ကြားသိခဲ့ရသည်။ သို့သော် ကျွန်တော်တို့ ပြုလုပ်ခဲ့သည့် သုတေသနအရ ဝန်ကြီးဌာနမှ ဖြန့်ဝေနေသည့် မျိုးစပ်စပါး မျိုးစေ့များမှာ တောင်သူလယ်သမားအများစုအတွက် မသင့်တော်ပါ။ စပါးအပြင် အသီးအနှံ၊ ဟင်းသီးဟင်းရွက်မျိုးစုံအတွက် မျိုးစေ့များကို မျှမျှတတခွဲဝေပေးရန်မှာ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့်အကြား နှစ်ဘက်လုံးတွင် တာဝန်ရှိသည်၊ ထိုသို့ ပြုလုပ်နိုင်ပါက အကျိုးအမြတ်ကြီးမားစွာ

ရရှိပါလိမ့်မည်။ ထိုအချက်မှာ ဆန်စပါးမျိုးစေ့အပြင် မြေပဲနှင့် ပဲတို့ကဲ့သို့သော အခြားအရန်သီးနှံများ အတွက်လည်း အကျိုးဝင်ပါသည်။

ဒုတိယတွေ့ရှိချက်မှာ ခြောက်သွေ့ရာသီ စိုက်ပျိုးရေးတွင် ရေသွင်းလုပ်ကိုင်ခြင်းအတွက် အလားအလာကောင်းများစွာ ရှိနိုင်သော်လည်း လက်တွေ့တွင်မူ အနည်းငယ်သာ လုပ်လျက်ရှိသည်။ ကျေးရွာများနှင့် အနေတော်ဖြစ်သည့် ရေကန်နှင့် ရေကာတာအငယ်စားများ တူးဖော်ပြီး ရေချိုချောင်းများမှ ရေများကို ခြောက်သွေ့ရာသီတွင် သိုလှောင်ပါက မိုးစပါးစိုက်ပျိုးရိတ်သိမ်းပြီးနောက် သီးထပ်စိုက်ပျိုးရာတွင် ပိုမိုအောင်မြင်နိုင်ပါမည်။ ထိုကျေးရွာအတိုင်းအတာနှင့် တည်ဆောက်မည့် အရာများသည် ငွေကုန်ကြေးကျ အလွန်များမည်မဟုတ်ဘဲ ဒေသခံများကိုလည်း ငှားရမ်းနိုင်ပါသည်။ ကျေးရွာအုပ်စု တာဝန်ရှိသူများမှ အသင့်တော်ဆုံး နေရာများအား ရွေးချယ်ဖော်ထုတ်နိုင်ပြီး ကုန်ကျစရိတ်၊ ရေပေးဝေနိုင်မည့် မြေဧကနှင့် လိုအပ်ချက်များကို တွက်ဆပြီးနောက်တွင် ရင်းနှီးမြှုပ်နှံမှုဘတ်ဂျက်တစ်ခုကို ရေးဆွဲနိုင်ပါသည်။

ဝန်ထမ်းမဟုတ်သူများက အစိုးရယန္တရားအနေဖြင့် ထိုစီမံကိန်းများကို အသေအချာ အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု လူထုယုံကြည်မှု အခိုင်အမာမရှိခြင်းသည် အခက်အခဲတစ်ခု ဖြစ်ပါသည်။ ဖြစ်နိုင်သော နည်းလမ်းတစ်ခုမှာ အညာဒေသတွင် ပြုလုပ်ခဲ့သည့်အတိုင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများအား ကန်ထရိုက်ပေးပြီးနောက် အစိုးရဘက်မှ နည်းပညာကျွမ်းကျင်ပြီး အရည်အချင်းရှိသည့် ဝန်ထမ်းများကို အတိုင်ပင်ခံများအနေဖြင့် ခန့်အပ်ခြင်းဖြစ်သည်။ လယ်ယာလုပ်ငန်းများအတွက် ခြောက်သွေ့ရာသီအတွင်း ရေပေးဝေခြင်းမှာ အကျိုးအမြတ် များစွာရှိပါလိမ့်မည်။ (ထိုသို့ စိုက်ပျိုးရေးလုပ်ငန်းများ ချဲ့ထွင်လုပ်ကိုင်နိုင်ရန် အခြေအနေပေးလာပါက) လုပ်သား၊ မြေယာနှစ်မျိုးလုံးနှင့် ဆက်စပ်သည့် အကျိုးအမြတ်များမှာလည်း မြင့်တက်လာမည် ဖြစ်သောကြောင့် ရခိုင်လယ်သမားများနှင့် မြေပိုင်ရှင်များ အလွန်လိုအပ်နေသည့် မူဆလင် လုပ်သားများကို ငှားရမ်းရန် တွန်းအားတစ်ခု ဖြစ်လာပါမည်။ အမြတ်များမည့် သီးထပ်ကို စိုက်ပျိုးနိုင်သည့် အခွင့်အလမ်းသည် လူမျိုးရေးခွဲခြားခြင်းကို ဟန့်တားသည့် အခွန်အကောက်တစ်မျိုး ဖြစ်လာပါလိမ့်မည်။ ငွေကြေးအမြတ်အစွန်းရနိုင်မည့် အခြေအနေသည် ရခိုင်လယ်သမားများကို မူဆလင်လုပ်သားများနှင့် ပြန်လည်ဆက်ဆံရန် တိုက်တွန်းနိုင်ပါသည်။ ထိုအခြေအနေသည် အားလုံးအတွက် ဝင်ငွေလည်း တိုးလာစေပြီး စိုက်ပျိုးသီးနှံများကို ထုတ်လုပ်ခြင်းနှင့် ထိုထုတ်ကုန်များကို ဖြန့်ဖြူးရာတွင်လည်း အလုပ်အကိုင်များကို ဖန်တီးပေးပါလိမ့်မည်။

လမ်းများနှင့် လျှပ်စစ်ဓါတ်အားတို့အား လောလောဆယ်တွင် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နေသော်လည်း ဆက်လက်လုပ်ဆောင်စရာ များစွာရှိသေးသည်။ မောင်းတောမြို့သို့ သွားရာလမ်းကို မကြာမီပြင်ဆင်ရန် စီစဉ်ထားသည်ဟု ဆိုသည့်တိုင် လက်ရှိတွင်မူ အလွန်ဆိုးဝါး နေပါသည်။ လျှပ်စစ်ဓါတ်အားကို ရနိုင်ပြီး မီးမှန်မှန်လာပါက ထုတ်ကုန်များကို စက်မှုလုပ်ငန်းအရ ပြင်ဆင်ခြင်းမှာ ပိုမိုလွယ်ကူပြီး ပို၍ကျယ်ပြန့်စွာလည်း လုပ်ကိုင်လာနိုင်မည်။ အထက်ပါ အစီအမံများတွင် ရခိုင်ပြည်နယ်တစ်ဝှမ်းမှ ဒေသအားလုံးကို ထည့်သွင်းရန် အရေးကြီးပါသည်။

စစ်တွေဆိပ်ကမ်းနှင့် အခြားဆိပ်ကမ်းငယ်များကို အဆင့်မြှင့်ခြင်းသည် ကုန်ကျစရိတ် သိပ်မများဘဲ အကျိုးဖြစ်ထွန်းနိုင်သည်ဟု သုတေသနအရ တွေ့ရှိခဲ့ပါသည်။ (သို့သော် ထိုအချက်မှာ ကျောက်ဖြူဆိပ်ကမ်းအတွက် မဖြစ်နိုင်ကြောင်းကို နောက်ဆက်တွဲ (က) တွင် တင်ပြထားပါသည်။) အချုပ်ဆိုရသော် စိုက်ပျိုးရေးနှင့် အခြားဖွံ့ဖြိုးမှုတို့အား မြှင့်တင်ရန်အတွက် အခြေခံအဆောက်အဦများ တိုးတက်ဖွံ့ဖြိုးစေသည့် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရန်နှင့် အရှိန်မြှင့်ရန် မဖြစ်မနေလိုအပ်သည်။

ခရီးစဉ်အတွင်း အံ့သြဖွယ်အကောင်းဆုံး တွေ့ရှိချက်မှာ မူဆလင်များ လွတ်လပ်စွာသွားလာမှုကို ခွင့်ပြုခြင်းအား ထောက်ခံသူများတွင် မူဆလင်များ ကိုယ်တိုင်သာမကဘဲ ရခိုင်ပြည်သူ အများအပြားကပင် ပါဝင်နေခြင်းဖြစ်သည်။ မြေယာမဲ့မူဆလင်များသည် အသက်မွေးဝမ်းကျောင်းမှု အတွက် ယခင်က မြို့နယ်တစ်မြို့နယ်မှ အခြားတစ်ခုသို့ လှည့်လည်၍ သမန်းပြင်ခြင်း၊ ရိတ်သိမ်းခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ကြသည်။ လက်ရှိတွင်မူ သွားလာမှုအပေါ် ကန့်သတ်ချက်များကြောင့် ထိုကဲ့သို့ပြုလုပ်ရန် အလွန်ခက်ခဲသည်၊ သို့မဟုတ် မဖြစ်နိုင်တော့ပါ။ ရလဒ်မှာ ဝင်ငွေနှင့် သုံးစွဲနိုင်စွမ်း အလွန်နိမ့်ဆင်းလာပြီး ဆင်းရဲနွမ်းပါးမှုနှုန်းလည်း များစွာမြင့်တက်လာသည်။ (မြေပိုင်ရှင်) ရခိုင်လူမျိုးများ အနေဖြင့် စက်ပစ္စည်းအကြီးစားများကို အသုံးမပြုပါက ယခင်အတိုင်းအတာအတိုင်း လယ်ယာလုပ်ငန်း လုပ်ကိုင်နိုင်စွမ်း မရှိတော့စေသည်အထိ ကြပ်တည်းလာပါသည်။ ဈေးငွေကိုလည်း အတိုင်းအတာ တစ်ခုအထိသာ ရနိုင်သောကြောင့် ထိုကဲ့သို့ လုပ်သားများကို ဆုံးရှုံးမှုအား ကာမိန်ရန်မှာ ခက်ခဲပါသည်။ (ထို့အပြင် စက်ယန္တရားကြီးများအား အသုံးချရန်မှာ ပထမဦးစွာ မြေညှိရပါမည်။ ဈေးကြီးပြီး ကုန်ကျစရိတ် တတ်နိုင်သည့်တိုင် နှစ်ပေါင်းများစွာ အချိန်ယူရပါလိမ့်မည်။) မူဆလင်များအား ရခိုင်ပြည်နယ်အတွင်း လွတ်လပ်စွာသွားလာခွင့်ပြုရန် ကိစ္စအား အသေအချာ ဆွေးနွေးတိုင်ပင်ရန် လိုအပ်သော်လည်း မျိုးစေ့၊ ရေနှင့် အဆောက်အဦဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့် ပူးတွဲစီမံပါက ကန့်သတ်ထားမှုကို လျှော့ချရန် ထောက်ခံချက်ကို လူအများအပြားထံမှ၊ သို့မဟုတ် အားလုံးထံမှပင် ရရှိရန် ဖြစ်နိုင်ပါသည်။ <u>ပြည်နယ်အတွင်း လုပ်သားရွှေ့လျားမှု</u>

ပိုမိုအားကောင်းလာခြင်း တစ်ခုတည်းကပင်လျှင် စိုက်ပျိုးရေးထုတ်လုပ်မှုအား ပိုမိုမြင့်တက်စေရန်နှင့် ဆင်းရဲနွမ်းပါးမှု ကျဆင်းစေရန်အတွက် မည်သည့်အခြားမူဝါဒထက်မဆို ပိုမိုထိရောက်ပါလိမ့်မည်။

အရေးကြီးသည့် အကြောင်းအရာတစ်ခုမှာ ဒုက္ခသည်စခန်းများကို ပိတ်သိမ်းသည့်အခါ ထိုစခန်းများထဲတွင် လက်ရှိနေထိုင်လျက်ရှိသည့် မွတ်စလင်များအနေဖြင့် မည်သည့်နေရာတွင် နေထိုင်နိုင်မည်နည်းဟူသည့် အကြောင်းဖြစ်သည်။ မွတ်စလင်များကမူ အများအားဖြင့် သူတို့၏ ယခင်အိမ်များတွင် ပြန်လည်နေထိုင်လိုသည်ဟု ပြောကြသော်လည်း ၎င်းတို့၏ ဗုဒ္ဓဘာသာ အိမ်နီးချင်းများကမူ ထိုသူများအား ပြန်မလာစေလိုကြောင်း ဆိုကြသည်။ အကြောင်းရင်းခံမှာ စိုးရွံ့စိတ်တစ်ဝက်၊ ပွဲလန့်တုန်း ဖျာခင်းလိုသည့်စိတ်က တစ်ဝက်ကြောင့် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ယခင်က မူဆလင်များ ပိုင်ဆိုင်ခဲ့သည့် မြေများကို ဗုဒ္ဓဘာသာများက သိမ်းယူနိုင်လာပြီး ထိုမြေတော်တော်များများမှာလည်း နေရာကောင်းတွင် ရှိနေကြသည်။ ယေဘုယျအားဖြင့် မွတ်စလင်များအနေဖြင့် မိမိနေရာသို့ ပြန်လာလိုက ပြန်လာခွင့်ပြုခြင်း၊ ထိုသို့မဟုတ်ဘဲ နေရာသစ်သို့ ရွှေ့ပြောင်းလိုပါက ရွှေ့ပြောင်းနိုင်စေရန် အထောက်အကူပေးခြင်း တစ်ခုခုကို လုပ်နိုင်ရန် ရွေးချယ်မှုပေးသင့်ပါသည်။ အချို့မူဆလင်များအနေဖြင့် နေရာအသစ်တွင် ပိုလုံခြုံစိတ်ချနိုင်မည်ဟုလည်း ဆုံးဖြတ်ကောင်း ဆုံးဖြတ်နိုင်ပါသည်။ လတ်တလောတွင် ပဋိပက္ခအခြေအနေမှာ တစ်ကျော့ပြန်ဆိုးဝါးလာသည့်အတွက် ထိုသို့ဆုံးဖြတ်ခြင်းက ၎င်းတို့အတွက် အန္တရာယ်ပိုကင်းနိုင်ပါသည်။ ပြန်လည်နေရာချထားရာတွင် ရဲအင်အားကို ခိုင်မာတောင့်တင်းစေခြင်း၊ အစီအစဉ်ကို ရှင်းရှင်းလင်းလင်း ပြောပြခြင်းနှင့် အခြားလုပ်ငန်းများတို့က အထောက်အကူဖြစ်နိုင်ပါသည်။

နောက်ထပ်မေးရမည့် မေးခွန်းတစ်ခုမှာ မူဆလင်များကို ရခိုင်ပြည်နယ်အတွင်းသာမကဘဲ မြန်မာနိုင်ငံရှိ ကျန်ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင်ပါ သွားလာခွင့်ပေး၊ မပေးပင် ဖြစ်သည်။ ထိုအချက်ကို ပြည်ထောင်စုအတိုင်းအတာဖြင့် ဆုံးဖြတ်ရမည်ဖြစ်ပါသည်။ သို့သော် ရခိုင်ပြည်နယ်မှ နိုင်ငံရေးပါတီများ အားလုံးက ထိုအချက်ကို တစ်စုတစ်စည်းတည်း (တောင်းဆိုချက်အနေဖြင့်၊ ဥပဒေအနေဖြင့် မဟုတ်) ပူးပေါင်းထောက်ခံပါက အသစ်ရွေးကောက်တင်မြှောက်ခံထားရသော ပြည်ထောင်စုလွှတ်တော်အနေဖြင့်လည်း ပြောင်းလဲဆောင်ရွက်ရာတွင် လျင်မြန်စွာ အလေးပေး၍ စဉ်းစားပါလိမ့်မည်။[4]

---

[4] ထိုအချက်မှာ နိုင်ငံသားဖြစ်ခွင့်ပေးလိုက်ခြင်း မဟုတ်ပါ။ မြန်မာနိုင်ငံတွင် ကာလကြာရှည်စွာ နေထိုင်လာကြသော မူဆလင်များကို နိုင်ငံသားအဆင့်မဟုတ်သည့် နေထိုင်ခွင့်နှင့် ရွှေ့လျားသွားလာခွင့် ပေးနိုင်ပါသည်။ နိုင်ငံသား ဖြစ်လိုသူများအတွက် ဘာသာစကား၊ နိုင်ငံတော်အလံအား အလေးပြုခြင်း အစရှိသော စမ်းသပ်မှုများက သင့်တော်သည်ဟု ယူဆပါကလည်း ထိုသို့ပြုလုပ်နိုင်ပါသည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ မူဆလင်တစ်ဦးက

မကြာသေးမီက အကြမ်းဖက်မှုများ ထပ်မံဖြစ်ပေါ်ခဲ့သည့်အတွက် မူဆလင်ဘာသာဝင်များ တစ်ဦးချင်းစီကို စီစစ်ပြီး သွားလာခွင့်ပေးခြင်းကို ပထမအဆင့်အဖြစ် လုပ်ဆောင်နိုင်ပါသည်။ မူဆလင်လူငယ်များ တက္ကသိုလ်ပညာသင်ရန် ရန်ကုန်သို့ထွက်ခွာသွားမည်မှာ လက်ခတ်မလွဲဖြစ်ပြီး စီးပွားရေးသမားများကလည်း မိတ်ရှာရန်နှင့် အရောင်းအဝယ်များ ပြုလုပ်ရန် အခြားဒေသများသို့ သွားရောက်လည်ပတ်နိုင်ခြေ ရှိသည်ဟု အများစု၏ ထင်ကြပါသည်။ သို့သော် ထိုသူများအနေဖြင့် ရခိုင်ပြည်နယ်မှ အပြီးအပိုင်ရွှေ့ပြောင်းသွားမည်ဟု မဆိုလိုပါ။ မြေယာမဲ့ အလုပ်သမားများအနေဖြင့် လုပ်သားလိုအပ်ချက် အမြဲရှိနေပြီး တစ်နှစ်ပတ်လုံး ဝင်ငွေရရှိနိုင်သည့် အလုပ်အကိုင်များအား လက်လှမ်းမီနိုင်သော ရခိုင်ပြည်နယ်အပြင်သို့ သွားရောက်နိုင်သည်ဟု အချို့က ခန့်မှန်းပါသည်။ (မောင်းတောမှ အလုပ်သမားတစ်ဦးက သူ့အနေဖြင့် လက်ရှိအခြေအနေအရ တစ်နှစ်လျှင် လေးလမျှ အလုပ်ရှိပါက "ကံကောင်း"သည်ဟု ပြောပါသည်။)

အချို့ကလည်း အလုပ်သမားများကို ရခိုင်ပြည်နယ်အတွင်း သွားလာခွင့်ပြုခဲ့လျှင် ပြည်နယ်ပြင်ပသို့ ထွက်ခွာသွားခြင်းကို လျှော့ကျစေနိုင်မည်ဟု ယူဆကြသည်။ ရခိုင်ပြည်နယ်အပြင်သို့ မူဆလင်အတော်များများ ထွက်ခွာသွားပါက ဘင်္ဂလားဒေ့ရှ်မှလူများ ထပ်မံဝင်ရောက် လာနိုင်ခြေရှိကြောင်း လူအများစုက ယုံကြည်ကြသည်။ သို့သော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းတွင် လုပ်သားလစာများ လျင်မြန်စွာ တိုးတက်လာသည်နှင့်အမျှ ထိုနိုင်ငံမှလူများ ရခိုင်ပြည်နယ်သို့ ပြောင်းရွှေ့အခြေချလိုမှုမှာလည်း နည်းပါးသွားနိုင်ပါသည်။ ခြုံကြည့်ပါက မူဆလင်များအားလုံးကို ရခိုင်ပြည်နယ်အတွင်း လွတ်လပ်စွာ သွားလာခွင့်ပြုခြင်းမဟုတ်ဘဲ စီစစ်ပြီး အချို့သူများကိုသာ သွားလာခွင့် ပြုခြင်းကပင် အလုပ်သမားများစွာ ထွက်ခွာသွားခြင်းကို လျှော့ချနိုင်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့နေထိုင်ရာတွင်၊ သို့မဟုတ် အနီးအပါးတွင် အမြဲတစေရနိုင်သည့် အလုပ်များ ပေါ်ပေါက်လာပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ မူဆလင်အစွန်းရောက်ဝါဒအပေါ် စိုးရွံ့ပူပန်မှုများရှိသည့်အတွက် ၎င်းတို့၏ နိုင်ငံအနှံ့ သွားလာခွင့်ကိစ္စကို ဆွေးနွေးရန်မှာ လောလောဆယ်တွင် ဖြစ်နိုင်ဦးမည် မဟုတ်ပါ။

သုတေသနခရီးအတွင်း တွေ့ဆုံမေးမြန်းရာတွင် ဈေးငွေကိစ္စကို ထပ်ဖန်တလဲလဲ ကြားခဲ့ရပါသည်။ ဘဏ်များကို အများအားဖြင့် လက်လှမ်းမမီနိုင်ကြောင်း၊ ပိုက်ဆံချေးယူရာတွင် အတိုးနှုန်း ၁၀% ခန့် ပေးရခြင်းကြောင့်

---

သူ့အနေဖြင့် မြန်မာနိုင်ငံအလံကို အနောက်တိုင်းနည်းဖြင့် (ညာဘက်လက်ကို နဖူးပေါ်တင်ခြင်းဖြင့်) အလေးပြုနိုင် သော်လည်း အလံကို ဦးညွှတ်ရမည့် မြန်မာအလေးပြုနည်းကို ဘာသာရေးအရ မလိုလားဟုဆိုခဲ့သည်။ နှစ်ဦးနှစ်ဘက် အဆင်ပြေသော နည်းတစ်နည်းကို ရှာလိုက ရှာရပါမည်။

စက်များဝယ်ယူရာတွင်၊ ယုတ်စွအဆုံး ဓာတ်မြေဩဇာများ သုံးစွဲရန်ပင် အခက်အခဲဖြစ်နေကြောင်းကိုလည်း အားလုံးက တညီတည်း ပြောကြပါသည်။ မူဆလင်ဒေသများတွင် အတိုးပေးခြင်းကို ဘာသာရေးအရ တားမြစ်ထားသောကြောင့် ချေးငွေယူရန် ပိုခက်ခဲသော်လည်း ဝန်ဆောင်ခပေးခြင်း၊ အမြတ်အစွန်းကို ခွဲဝေပေးခြင်းစသည့် နည်းများဖြင့် အာပတ်လွတ်စေနိုင်ပါသည်။ လိုအပ်သည့် ချေးငွေကို ထုတ်ပေးနိုင်မည်ဆိုပါက အစ္စလာမ်ဘာသာအရ ခွင့်ပြုနိုင်သည့် နည်းလမ်းများကို အသုံးပြု ၍ မူဆလင်နှင့် ဗုဒ္ဓဘာသာနှစ်ဘက်လုံးအား ချေးပေးနိုင်မည့်နည်းကို လေ့လာသင့်သည်။[5]

ချေးငွေကို ပုံမှန်ပြန်ဆပ်ရမည့်နည်းမှာ ရာသီဥတုဖောက်ပြန်ခြင်းနှင့် ပိုးမွှားဒဏ်များကြောင့် အန္တရာယ်များပါက သမားရိုးကျမဟုတ်သည့် အခြားနည်းများမှာ စွန့်စားမှုကို လျှော့ချပေးနိုင်ပြီး လူကြိုက်ပိုများပါလိမ့်မည်။ သို့တိုင်အောင် ချေးငွေထုတ်ပေးလိုက်ခြင်း တစ်ခုတည်းဖြင့် မျိုးကောင်းမျိုးသန့်များ ဝယ်ယူနိုင်ရန်၊ မြေဆီလွှာ စမ်းသပ်ခြင်းနှင့် ပိုးမွှားများနှင့် ပတ်သက်သည့်အချက်အလက်များ ဖြန့်ဝေရန်၊ သီးထပ်စိုက်ပျိုးခြင်းအတွက် လမ်းများနှင့် ရေသွင်းရေထုတ်စနစ်များကို ပိုမိုကောင်းမွန်လာစေရန် လုပ်ဆောင်ရန်မလိုတော့ဟု ဆိုလိုခြင်းမဟုတ်ပါ။ ထိုလုပ်ငန်းများနှင့် ချေးငွေကိစ္စ လွယ်ကူစေရန် စီစဉ်ပေးခြင်းတို့က အပြန်အလှန်အထောက်အကူ ပြုကြပါသည်။

ဒေသခံများမှ ထုတ်ဖော်ပြောကြားခဲ့သည့် အခြားအချက်တစ်ခုမှာ ကမ်းရိုးတန်းတလျှောက်ရှိ ရေလုပ်ငန်းများ၊ ငါးအရေအတွက် ကျဆင်းလာခြင်း ဖြစ်သည်။ မူဆလင်မိသားစု အများအပြားမှာ သမားရိုးကျ တစ်နိုင်တစ်ပိုင် ငါးဖမ်းနည်းကို အသုံးပြုကြသည်။ သို့သော် နိုင်ငံခြားမှ ငါးဖမ်းသင်္ဘောကြီးများနှင့် ပိုက်ကွန်များသည် ရေသတ္တဝါများအား ပိုက်စိတ်တိုက်ကျုံးယူကာ အသိုက်အမြုံအလိုက် ပျက်စီးစေသောကြောင့် ငါးပမာဏများကို

[5] အစ္စလာမ်ဘဏ္ဍာရေးကုမ္ပဏီများသည် ဘာသာရေးကန့်သတ်ချက်ကြောင့် အတိုးမယူဘဲ မူရာဘာဟာ(murabahah)ခေါ် ဝန်ဆောင်ခများ ကောက်ခံခြင်း၊ မူဒါရာဘာ(mudharabah)ခေါ် စွန့်စားမှုကို မျှဝေခြင်း - ဥပမာဆိုပါက ဓါတ်မြေဩဇာဝယ်ယူရန် ထုတ်ပေးလိုက်သည့် ချေးငွေကြောင့် အထွက်တိုးလာပါက အမြတ်၏ တစ်စိတ်တစ်ပိုင်းကို ဘဏ်မှရယူခြင်း - စသည့် အာပတ်လွတ်သည့် ချေးငွေပုံစံအမျိုးမျိုးကို ပေးနိုင်ပါသည်။ သို့သော် ရာသီဥတု ဆိုးဝါးသောကြောင့်ဖြစ်စေ၊ ပိုးမွှားဒဏ်ကျရောက်သောကြောင့်ဖြစ်စေ သီးနှံများ ပျက်စီးပါက ဘဏ်မှ ပြန်ကောက်ခံရမည့် ဝန်ဆောင်ခများ၊ အမြတ်အစွန်းများကို မကောက်ခံတော့ပါ၊ သို့မဟုတ် ချေးငွေပုံစံအပေါ် မူတည်၍ အရင်းကိုပါ မယူတော့ပါ။ ထိုကဲ့သို့သော နည်းလမ်းများကို အပြည့်အဝ အကောင်အထည်မဖော်မီ လူအနည်းငယ်ဖြင့် စမ်းသပ်ခြင်းဖြင့် (မအောင်မြင်ပါက) ဆုံးရှုံးမှုများကို ကန့်သတ်နိုင်ပြီး လုပ်ထုံးလုပ်နည်းများကိုလည်း သင့်တော်သလို ပြုပြင်သွားနိုင်မည် ဖြစ်ပါသည်။

အလွန်အကျွံ ကျဆင်းသွားစေသည်။ ထိုအခြေအနေကို အဖတ်ဆည်ရန် ရေလုပ်ငန်းဆိုင်ရာ ဥပဒေများအတိုင်း ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ရန် လိုအပ်သည်။[6]

ကမ်းရိုးတန်း ပင်လယ်ပြင်တွင် ငါးဖမ်းနိုင်မှု ကျဆင်းလာခြင်းအတွက် အစားထိုးနည်းလမ်းတစ်ခုမှာ ငါးနှင့်ပုစွန် မွေးမြူရေးကန်များ ဖြစ်ပါသည်။ သို့သော်ထိုလုပ်ငန်းမှာ မြေပိုင်ဆိုင်မှု ခိုင်မာရန်လိုအပ်ပြီး အရင်းအနှီး ပမာဏကြီးကြီးလည်း လိုပါသည်။ ရခိုင်ပြည်နယ်အနေဖြင့် သဘာဝအလျောက် ငါးဖမ်းရန်နှင့် ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် နှစ်မျိုးလုံးအတွက် အလားအလာ အလွန်ကောင်းသည်။ ထိုလုပ်ငန်းများကို ကြပ်ကြပ်မတ်မတ် လုပ်ကိုင်နိုင်ပါက ငါးများကို ပြင်ဆင်သည့် အလုပ်အကိုင်များနှင့် ရခိုင်ပြည်နယ်ပြင်ပသို့ တင်ပို့ရောင်းချခြင်း စသည့်လုပ်ငန်းများကိုလည်း ဦးတည်စေပါလိမ့်မည်။

စိုက်ပျိုးရေးနှင့် ပတ်သက်သည့် အခြားအကြောင်းအရာတစ်ခုမှာ မြေယာကိစ္စဖြစ်ပါသည်။ မြေပမာဏအားလုံး၏ ၁၀%ခန့်ကို စစ်တပ်၊ နယ်ခြားစောင့်တပ်နှင့် ရဲတို့က သိမ်းယူပြီး ဖြစ်နိုင်လောက်သည်။ များသောအားဖြင့် ထိုမြေများကို မူလပိုင်ရှင်များအား ပြန်လည် "ငှားရမ်း"ပြီး ရိတ်သိမ်းရသည့် သီးနှံများ၏ ၂၅ – ၄၀% ခန့်ကို မြေငှားရမ်းခအနေနှင့် ကောက်ခံသည်။ တစ်ခါတစ်ရံတွင် မူလပိုင်ရှင်မဟုတ်သူများအားလည်း ငှားရမ်းရောင်းချကြသလို ဂေါက်ကွင်းကဲ့သို့သော အခြားအကြောင်းများအတွက်လည်း အသုံးပြုကြသည်။

မြေယာတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ပါက ထွက်နှုန်းတိုးမြင့်စေနိုင်သော်လည်း ပိုင်ဆိုင်ခွင့် မခိုင်မြဲပါက စွန့်စားမှုကြီးမားပြီး မြေသိမ်းခံရသည့် မိသားစုများကိုလည်း အခြေအနေပိုဆိုးစေနိုင်ပါသည်။ (မြေအရည်အသွေး ပိုမိုကောင်းမွန်စေရန် ပိုင်ရှင်များက ငွေကုန်ကြေးကျခံလျှင် အကျိုးအမြတ် များနိုင်သော်လည်း မြေသိမ်းခံရပါက မိမိတို့မှ စိုက်ထုတ်ထားသည့် အရင်းပင် ဆုံးရှုံးမည်ဖြစ်သောကြောင့် ဖွတ်မရ၊ ဓားမဆုံးသည့် အခြေအနေသို့ ရောက်သွားပါလိမ့်မည်။) ထိုကိစ္စသည် လုပ်သားရွှေ့လျားမှု၊ မျိုးစေ့၊ ချေးငွေနှင့် စိုက်ပျိုးရေတို့မှု ပြဿနာ မကြီးသော်လည်း ကိုင်တွယ်ဖြေရှင်းရမည့် အချက်တစ်ချက် ဖြစ်သည်။ လက်ရှိဥပဒေများအရ စစ်တပ်ပိုင်မြေများကို ပြန်လည်စုံစမ်းစစ်ဆေးခြင်း၊ သို့မဟုတ် ဥပဒေကြောင်းအရ

[6] အင်ဒိုနီးရှားအစိုးရသည် ငါးဖမ်းသင်္ဘောများအားလုံးကို စစ်ဆေးခြင်းဖြင့် ၎င်း၏ သမုဒ္ဒရာပိုင်နက်ကို တင်းကြပ်စွာ စောင့်ရှောက်သည်။ တရားမဝင်သင်္ဘောများကို တွေ့ရှိပါက များသောအားဖြင့် သင်္ဘောသားများကို လုံခြုံရာတစ်နေရာသို့ ဖယ်ယူပြီးနောက် သင်္ဘောကို နှစ်မြှုပ်ပါသည်။ ထိုနည်းလမ်းဖြင့် တရားမဝင်ငါးဖမ်းခြင်းကို လျှော့ချလျက်ရှိသည်။

သုံးသပ်ခြင်းတို့ မလုပ်နိုင်ကြောင်း နားလည်ထားပါသည်။ အထူးသဖြင့် လယ်ယာမြေများအတွက် ထိုအချက်အား ပြောင်းလဲနိုင်ပါက မတရားမြေသိမ်းယူမှုများကို ပြန်လည်ပြင်ဆင်နိုင်မည်ဖြစ်ပြီး မိသားစုအများအပြားကလည်း သူတို့၏ အသက်မွေးဝမ်းကျောင်းမှုအား ပြန်လည်ရရှိနိုင်ပါမည်။ (ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုအတွက် ကမ်းခြေတစ်လျှောက်မှ မြေများသိမ်းယူခြင်းကို ဤစာတမ်းတွင် ထည့်သွင်းဆွေးနွေးထားခြင်း မရှိပါ။)

အချုပ်ဆိုရသော် စိုက်ပျိုးရေးကဏ္ဍတွင် ရခိုင်ပြည်နယ်၏ ထုတ်လုပ်နိုင်စွမ်းနှင့် ထုတ်လုပ်မှုပမာဏ နှစ်ခုလုံးတွင် ဖွံ့ဖြိုးတိုးတက်ရန် အားသာသည့် အလားအလာကောင်းများစွာ ရှိသည်။ ပြည်နယ်အတွင်း လုပ်သားရွှေ့လျားနိုင်မှုကို ပိုမိုကောင်းမွန်စေခြင်းသည် ပထမဆုံးလုပ်ရမည့်၊ အကုန်အကျလည်း အနည်းဆုံးဖြစ်သည့် ခြေလှမ်းဖြစ်သည်။ ပိုမိုကောင်းမွန်သည့် မျိုးစေ့များ ဖြန့်ဖြူးပေးခြင်းနှင့် အသေးစားရေထိန်းချုပ်မှု စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းတို့မှာ ဒုတိယဦးစားပေးမှုများဖြစ်သည်။ အကျိုးအမြတ်များ ချက်ချင်းရစေနိုင်သည့်အပြင် မြေနှင့်လုပ်သားစရိတ်အတွက် စိုက်ထုတ်ရသည့် အရင်းမှ ပြန်လည်ရရှိမည့် အမြတ်ကိုလည်း ရေးမနှောင်းပင် တိုးမြင့်စေပါလိမ့်မည်။ ချေးငွေကို လွယ်ကူစွာ ရရှိစေရန်နှင့် သယ်ယူပို့ဆောင်ရေးစနစ်ကို ယခုထက် ပိုမိုကောင်းမွန်စေရန်တို့မှာ နောက်လုပ်ရမည့်အဆင့်များဖြစ်ပြီး အချိန်လည်း ကြာပါလိမ့်မည်။ လျှပ်စစ်ဓါတ်အားပေးစနစ်နှင့် ပေးဝေနိုင်သည့် လျှပ်စစ်ဓါတ်အား ပမာဏတို့ကို ဆက်လက်ချဲ့ထွင်ပါက (လောလောဆယ်တွင် မီးမရသောကြောင့်) အင်ဂျင်ကို အသုံးပြု၍ ရေတင်နေရသည့် စိုက်ပျိုးရေးကုန်ကျစရိတ်ကို လျော့ကျစေနိုင်ပြီး စိုက်ပျိုးရေးကဏ္ဍ၏ အလားအလာများကို ပိုမိုကောင်းမွန်လာစေပါလိမ့်မည်။ ယခင်မြေသိမ်းမှုများကို ပြန်လည်စုံစမ်းပေးခြင်း အပါအဝင် မြေယာပိုင်ဆိုင်ခွင့်ကာလ၊ ပိုင်ဆိုင်ခွင့်ခိုင်မာမှုတို့နှင့် ပတ်သက်၍ ဆောင်ရွက်ပေးနိုင်သမျှကို ဆောင်ရွက်ပေးခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု၊ တရားမျှတမှုနှင့် တန်းတူညီမျှမှုတို့ကို အားပေးရာရောက်ပါမည်။

အထက်ဖော်ပြပါအချက်များကို တစ်စုတစ်စည်းတည်း အကောင်အထည်ဖော်နိုင်ပါက ဗုဒ္ဓဘာသာဝင်များအနေဖြင့် ၎င်းတို့၏ မြေယာများတွင် မူဆလင်များ အလုပ်လုပ်ကိုင်နိုင်ခွင့်အတွက် ထောက်ခံစေရန် အားကောင်းသည့် စီးပွားရေးတွန်းအားများကို ဖန်တီးပေးပါသည်။ အဘယ့်ကြောင့်ဆိုသော် ယခုလက်ရှိတွင် မူဆလင်များအနေဖြင့် သွားလာလှုပ်ရှားခွင့်နှင့် ရခိုင်ပြည်နယ်ပြင်ပသို့ ရွှေ့ပြောင်းခွင့်တို့ကို ကန့်သတ်ခံထားရသောကြောင့် လုပ်သားရှားပါးမှု ဖြစ်ပေါ်နေသည်၊ အထက်ပါ အခြေအနေများကို လုပ်ဆောင်နိုင်ပါက ယခုထက်ပင် လုပ်သားလိုအပ်ချက် ပိုမိုတိုးမြင့်လာမည် ဖြစ်သည်။ ထိုခြေလှမ်းများသည် ရခိုင်ပြည်နယ်အတွင်းရှိ လူမှုအဖွဲ့အစည်းအားလုံးနှင့် နယ်မြေအများစု၏ ဝင်ငွေကိုတိုးစေပြီး ရန်ကုန်နှင့်

အခြားနေရာများသို့ ရွှေ့ပြောင်းသွားသူများကိုလည်း ရခိုင်ပြည်နယ်သို့ ပြန်လည်အခြေချရန် ဆွဲဆောင်နိုင်ကောင်း ဆွဲဆောင်နိုင်ပါလိမ့်မည်။

## အားသာချက်၊ အားနည်းချက် သုံးသပ်မှု

စီးပွားရေးလုပ်ငန်းများတွင် မဟာဗျူဟာမြောက်အနေအထားအား ခြုံငုံသုံးသပ်သည့် နည်းလမ်းတစ်မျိုးကို SWOT ဟု ခေါ်ပါသည် - အဓိပ္ပါယ်မှာ အားသာချက်များ (Strengths)၊ အားနည်းချက်များ (Weaknesses)၊ အခွင့်အလမ်းများ (Opportunities)နှင့် အန္တရာယ်များ (Threats) ဖြစ်သည်။ စီးပွားရေးလုပ်ငန်းတစ်ခု၏ အနာဂတ်ကို အကျိုးသက်ရောက်မှုရှိစေမည့် အတွင်း၊ အပြင် အကြောင်းအရင်းများကို ခြုံငုံသုံးသပ်ရာတွင် အသုံးဝင်သော နည်းလမ်းတစ်ခု ဖြစ်သည်။ ထိုနည်းလမ်းကို ယခုတွင် ရခိုင်ပြည်နယ်၏ စီးပွားရေးကို ဆန်းစစ်ရာ၌ အသုံးပြုမည်ဖြစ်သော်လည်း သုံးသပ်သည့်စနစ်မှာမူ အလားတူပင်ဖြစ်ပါသည်။ အချို့ကိစ္စများသည် အကြောင်းအရာများစွာနှင့် အကျုံးဝင်ပြီး ဆက်စပ်နေသောကြောင့် စိုက်ပျိုးရေးကဏ္ဍအပြင် ၎င်းတို့ကိုပါ ထည့်သွင်းသုံးသပ်ပါမည်။

### အားသာချက်များ

- ပထဝီအနေအထားအရ အိန္ဒိယ၊ တရုတ်နိုင်ငံတို့နှင့် နီးကပ်ခြင်း
- ဘင်္ဂလားပင်လယ်အော်တွင် သမုဒ္ဒရာနှင့် မျက်နှာချင်းဆိုင် အနေအထားတွင်ရှိခြင်း
- ရန်ကုန်သွားရာလမ်း အဆင့်မြှင့်မှုမှာ မကြာမီ ပြီးဆုံးမည်ဖြစ်ခြင်း
- မြောက်ဦးဒေသတွင် ခရီးသွားလုပ်ငန်းအတွက် နေရာကောင်းများရှိခြင်း
- ပြည်နယ်တွင်း အုပ်ချုပ်မှုစနစ်ကလည်း ပိုမိုကောင်းမွန်လာနိုင်ခြင်း

### အားနည်းချက်များ

- အခြေခံအဆောက်အဦ၊ အစိုးရ၏ လုပ်ကိုင်နိုင်စွမ်း
- ပညာတတ်များ ပြည်နယ်တွင်းမှ ထွက်ခွာသွားမှု မြင့်ခြင်း၊ လုပ်သားခ မြင့်မားခြင်း
- ဘာသာရေး တင်းမာမှု
- ဝင်ငွေနည်းခြင်း၊ စီးပွားရေး အားနည်းခြင်း
- သယ်ယူပို့ဆောင်စရိတ် မြင့်ခြင်း၊ ဈေးငွေအတွက် အတိုးနှုန်း မြင့်ခြင်း

### အခွင့်အလမ်းများ

- (ဒုက္ခသည်စခန်းများ ပိတ်သိမ်းခြင်းဖြင့်) ဒေသတွင်း လုပ်သားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း
- လမ်း၊ စွမ်းအင်နှင့် ဆည်မြောင်းတို့အား ပိုမိုကောင်းမွန်အောင် ပြုလုပ်နိုင်ခြင်း
- စိုက်ပျိုးရေးတွင် သီးထပ်စိုက်ပျိုးနိုင်ခြင်း၊ အထွက်နှုန်းတိုးစေနိုင်ခြင်း
- စစ်တွေဆိပ်ကမ်းကို ပိုမိုကောင်းမွန်စေခြင်း
- အရွယ်ကောင်းလုပ်သားများကို ပြန်လည်ဆွဲဆောင်ခြင်း

### အန္တရာယ်များ

- ဘာသာရေးပဋိပက္ခ ပြန်လည်ဖြစ်ပွားခြင်း
- နိုင်ငံရပ်ခြားမှ အစွလာမ်အကြမ်းဖက်မှု ဝင်ရောက်လာနိုင်ခြင်း
- မြေသိမ်းဆည်းမှုများကြောင့် ဆင်းရဲနွမ်းပါးမှု တိုးမြင့်လာခြင်း
- အိမ်နီးချင်းနိုင်ငံများမှ ရွှေ့ပြောင်းလာမှုများကို မထိန်းချုပ်နိုင်ခြင်း
- သဘာဝပတ်ဝန်းကျင် ယိုယွင်းလာမှု၊ ရာသီဥတု ဖောက်ပြန်ခြင်း

ဤဇယားထဲသို့ အချက်အလက်အသစ်များကို ထပ်မံဖြည့်စွက်နိုင်သကဲ့သို့ အချို့အချက်များကိုလည်း ထုတ်နုတ်နိုင်ပါသည်။ ဦးစားပေးလုပ်ရမည့် လုပ်ငန်းများ၊ အထက်ပါ မူဝါဒများအကြား တစ်ခုနှင့်တစ်ခု အချိတ်အဆက်များကို မဖော်ပြထားသည့်တိုင် ကဏ္ဍစုံမှ ထည့်သွင်းစဉ်းစားရမည့် အချက်များကို တင်ပြထားပါသည်။ ဥပမာအားဖြင့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရန်နှင့် ဆင်းရဲနွမ်းပါးမှု လျော့နည်းလာစေရန် ဘက်ပေါင်းစုံမှ သုံးသပ်လိုပါက အောက်ပါအကြောင်းအရာများကို ထည့်သွင်းရပါမည် - လုပ်သားများ လွတ်လပ်စွာ သွားလာနိုင်ခြင်း၊ မြေယာပိုင်ဆိုင်နိုင်မှုကို ခိုင်မာစေခြင်း၊ မျိုးစေ့ကောင်းများနှင့် လယ်ယာဆိုင်ရာ အချက်အလက်များ ဖြန့်ဝေပေးခြင်း၊ လမ်းပန်းနှင့် ရေသွင်းရေထုတ်စနစ်များတွင် ရင်းနှီးမြှုပ်နှံခြင်း၊ စိုက်ပျိုးရေး ထုတ်ကုန်များကို စီမံခြင်းနှင့် လယ်ယာလုပ်ငန်း သွင်းအားစုများအတွက် ဘဏ်များမှ ချေးငွေထုတ်ပေးရန် တိုက်တွန်းခြင်း။

ယခုသုတေသနစာတမ်း၏ အဓိကဆိုလိုရင်းမှာ ရခိုင်ပြည်နယ်တွင် စိုက်ပျိုးရေး ထုတ်ကုန်ပမာဏ၊ လုပ်သားလိုအပ်ချက်နှင့် ကုန်ထုတ်စွမ်းအားများ အဆမတန်တိုးမြင့်လာရန်မှာ ဖြစ်နိုင်ခြေရှိကြောင်း ဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့ပြီးသည့် နည်းလမ်းများကို ကျင့်သုံးပါက ဗုဒ္ဓဘာသာဝင် မြေပိုင်ရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် မူဆလင်များကို လုပ်သားအဖြစ် ငှားရမ်းလာစေရန် တွန်းအားတစ်ခု ဖြစ်လာပြီး ၎င်းတို့ ရခိုင်ပြည်နယ်အတွင်း လွတ်လပ်စွာသွားလာခြင်းကိုလည်း ထောက်ခံလာမည့် အခြေအနေ ပေးပါလိမ့်မည်။ တစ်နစ်တာပတ်လည် လုပ်သားများကို ပိုမိုကာလကြာရှည်စွာ လိုအပ်လာပါက (အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုများပြားလာပါက) ဆင်းရဲနွမ်းပါးမှုကို လျော့ကျစေပါလိမ့်မည်။ အထက်ပါအချက်များအနက်မှ မည်သည့်အရာကိုမျှ အတင်းအကျပ် လုပ်ခိုင်းရန် မလိုအပ်ပါ။ သို့သော် ကာလကြာလာသည်နှင့်အမျှ ပူးပေါင်းဆောင်ရွက်မှု၏ အကျိုးအမြတ်တို့ကို လူများပို၍ သိမြင်လာမည်ဖြစ်သည်။

SWOT နည်းလမ်းအရ သုံးသပ်ရာတွင် နိုင်ငံရပ်ခြားမှ အစ္စလာမ်အကြမ်းဖက်မှု ဝင်ရောက်လာနိုင်ခြင်းကိုလည်း ဖော်ပြထားသည်။ ထိုအချက်ကို လေးနက်စွာ ထည့်သွင်းစဉ်းစားရပါမည်။ ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် ဘာသာရေး အယူသီးသူများရှိနေပြီး နယ်စပ်မှာလည်း မလုံခြုံပါ။ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မူဆလင်ဘာသာဝင်များမှာ တင်းတင်းကြပ်ကြပ် ထိန်းချုပ်ခံနေရပြီး သွားလာရွေ့ပြောင်းခွင့် မရှိသောကြောင့် အလွန်ဆင်းရဲကြသည်။ ရခိုင်ပြည်နယ်ထဲသို့ နိုင်ငံခြားဘာသာရေးအစွန်းရောက်သူများ ထိုးဖောက်ဝင်ရောက်ပြီးနှင့်လည်း ဖြစ်နိုင်ပါသည်။ ဘာသာရေးအုပ်စု တစ်ခုနှင့်တစ်ခုအကြား အကြမ်းဖက်မှုများ ပြန်လည်ဖြစ်ပွားခြင်းထက်ပို၍ ရခိုင်ပြည်နယ်တိုးတက်မှုအား နှောင့်နှေးသွားစေမည့်အရာ မရှိပါ။

ရခိုင်ပြည်နယ်အတွင်း မူဆလင်များ၏ ရွှေ့ပြောင်းသွားလာနိုင်ခွင့်ကို ပိုမိုကောင်းမွန်စေရန် အလေးထား လုပ်ဆောင်ခြင်းဖြင့် ဘာသာရေးအကြမ်းဖက်မှု အန္တရာယ်ကို လျော့ချနိုင်ပါမည်။ သို့သော် ထိုလုပ်ဆောင်မှုမှာ အစွန်းရောက် ဗုဒ္ဓဘာသာဝင်များ၊ ၎င်းတို့၏ တုံ့ပြန်မှုများကို နှိုးဆွသည့်အနေအထား မသက်ရောက်စေရန် အခြားအုပ်စုများစွာ၏ ထောက်ခံအားပေးမှုကို လိုပါသည်။ လက်ရှိလေ့လာမှုအရ ရခိုင်ပြည်နေ မူဆလင်များမှာ ဘာသာရေးအစွန်းရောက်မှုကို ထောက်ခံခြင်းမပြုဟု သိရပါသည်။ သို့သော် အခြေအနေများ တိုးတက်မှုမရှိပါက ထိုသူတို့၏ သဘောထားများ ပြောင်းလဲလာနိုင်ပါသည်။

အစိုးရယန္တရားအနေဖြင့် အခြေခံအဆောက်အဦဆိုင်ရာ စီမံကိန်းများအား (အနည်းဆုံး အစပိုင်းတွင်) ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်စွမ်း ရှိကောင်းမှရှိပါမည်၊ သို့သော် ၎င်းတို့ကို အားကိုးခြင်း မရှိဘဲ (စီမံကိန်းလုပ်ကိုင်လျက် စွမ်းရည်မြှင့်တင်ရန် အခွင့်အရေးမရှိဘဲ) အရည်အသွေးပိုကောင်းလာစေရန်မှာ ခက်ခဲပါသည်။ လူများနှင့် အဖွဲ့အစည်းများသည် အလုပ်မှတဆင့် သင်ယူတတ်မြောက်နိုင်ပါသည်။ သို့တိုင် အစွမ်းအစရှိသူများအား နေရာပေးခြင်း၊ ရာထူးတိုးပေးခြင်း၊ စွမ်းဆောင်ရည်မရှိသူများနှင့် အဂတိ လိုက်စားသူများအား အလုပ်မှ ထုတ်ပယ်ခြင်း၊ သို့မဟုတ် ဘေးဖယ်ထားခြင်းစသည်တို့ကို မလုပ်နိုင်ပါက စွမ်းဆောင်လိုစိတ်နှင့် လုပ်ရည်ကိုင်ရည်ကို ဖွံ့ဖြိုးစေရန်မှာ ခက်ခဲနေပါလိမ့်မည်။

စီမံကိန်းကြီးများအတွက် အနည်းဆုံး ပုဂ္ဂလိကကန်ထရိုက်တာများကို စောင့်ကြည့်ရန် အစိုးရယန္တရားကို အသုံးပြုရန် လိုအပ်ပါမည်။ ပြင်ပမှ အတိုင်ပင်ခံအင်ဂျင်နီယာများ ခန့်အပ်ခြင်း၊ သို့မဟုတ် အစိုးရနှင့်အတူ လုပ်ငန်းကို ကြပ်မတ်နိုင်သူများကို ငှားရမ်းခြင်းဖြင့် စီမံကိန်းအရည်အသွေး ကောင်းမွန်စေရန်၊ ကုန်ကျစရိတ် သင့်တင့်မျှတစေရန်သာမက အစိုးရဝန်ထမ်းများ၏ အရည်အသွေးတိုးတက်စေရန်လည်း အထောက်အကူ ပြုပါလိမ့်မည်။

စီမံကိန်းငယ်များအတွက် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကို အသုံးပြုရန်မှာ အထူးသဖြင့် ထိုအဖွဲ့အစည်းများက စီမံကိန်းအတိုင်ပင်ခံအဖြစ် အရည်အသွေးပြည့်ဝသော အစိုးရ အင်ဂျင်နီယာများ သို့မဟုတ် ပြင်ပမှ ကျွမ်းကျင်သူများကို ခန့်အပ်ပါက ဖြစ်နိုင်ပါသည်။ အတွေ့အကြုံရှိသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းမှ အင်ဂျင်နီယာများနှင့် ပူးပေါင်းလုပ်ဆောင်ပါက စီမံကိန်း၏ အောက်ခြေအဆင့်အတွက်

လိုအပ်သောစွမ်းရည်များလည်း တိုးတက်လာနိုင်သည်။ သောက်သုံးရေအစရှိသည်တို့အတွက် အသုံးပြုနိုင်သော ရေကန်ငယ်များ၊ ရေတွင်းများ (ကျောက်ထူသည့် ဒေသများတွင်မူ နေရာကို အသေအချာ ရွေးချယ်ရပါမည်)[7] နှင့် မြစ်ချောင်းများမှ ရေချိုများကို ထိန်းသိမ်းရန်အတွက် ရေကာတာအငယ်စား သို့ ယာယီတမံများမှာ ရေသိုလှောင်ရန်နှင့် ရေကို လိုသည့်အလျောက် ထိန်းချုပ်နိုင်ရန် အသုံးဝင်ပါလိမ့်မည်။

ရေပေးဝေနိုင်ခြင်းကြောင့် သီးထပ်စိုက်ပျိုးနိုင်ပါက ထိုသီးနှံသည် ဆန်စပါးမဟုတ်သည့်တိုင် အထွက်နှုန်းကောင်းလျှင် အကျိုးကျေးဇူး အလွန်များပါမည်။ လယ်သမားအများအပြားသည် ခြောက်သွေ့ရာသီတွင် ဟင်းသီးဟင်းရွက်များ၊ မြေပဲ၊ ကုလားပဲစိမ်းနှင့် အခြားပဲများကို စိုက်ပျိုးလေ့ရှိသည်။ ၎င်းတို့သည် စပါးနှင့်ယှဉ်လျှင် ရေပမာဏနည်းနည်းသာ လိုအပ်သောကြောင့် မြေဧကပို၍လည်း စိုက်ပျိုးနိုင်သည်။ သီးနှံမျိုးစုံ စိုက်ပျိုးခြင်းဖြင့် ပိုးမွှားရောဂါများကိုလည်း လျော့ပါးစေပြီး မြေဆီလွှာ၏ အရည်အသွေးကို ပိုမိုကောင်းမွန်လာစေနိုင်ပါသည်။

ကျောက်ဖြူစီမံကိန်းမှာ ယခုစာတမ်း၏ အဓိကအကြောင်းအရာ မဟုတ်သောကြောင့် SWOT သုံးသပ်မှုတွင် မထည့်သွင်းထားပါ။ သို့သော် ကျွန်တော်တို့၏ ယခင်သုတေသနခရီးစဉ်များနှင့် နောက်ဆက်တွဲ စုံစမ်းစစ်ဆေးမှုများအရ ကျောက်ဖြူအတွက် လျာထားသည့် စီမံကိန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံများမှ စီးပွားရေး အကျိုးအမြတ်ရရှိနိုင်ရန်မှာ မေးခွန်းထုတ်ဖွယ် ကောင်းလှသည်။ ထိုအကြောင်းအရာနှင့် ပတ်သက်သည့် သုံးသပ်မှုကို နောက်ဆက်တွဲ (က) တွင် ဖော်ပြထားပါသည်။

---

[7] ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မြေအောက်ရေထဲ၌ စိန်(အဆိပ်)ပါဝင်လေ့ရှိသောကြောင့် ရခိုင်ပြည်နယ်တွင်လည်း စမ်းသပ်မှုများ ပြုလုပ်သင့်သည်။ UNICEF သို့မဟုတ် အခြားအထောက်အပံ့ပေးသည့် အဖွဲ့အစည်းများအနေဖြင့် ထိုစမ်းသပ်မှုလုပ်ရာတွင် ကူညီကောင်း ကူညီနိုင်သော်လည်း ရေရှည်အတွက်မူ ပြည်နယ်အဆင့် ဓါတ်ခွဲခန်းတစ်ခုကို တည်ဆောက်ထားသင့်သည်။ စိန်မှာ အလွန်အကျွံစားသုံးမိပါက သေဆုံးစေနိုင်ပြီး ထိုအဆင့်မရောက်မီတွင်လည်း ကျန်းမာရေးဆိုင်ရာ ပြဿနာများစွာကို ဖြစ်စေနိုင်သည်။ ထိုအန္တရာယ်များကို လျော့ပါးစေရန် ကုန်ကျစရိတ်နည်းသည့် ရေစစ်များကိုလည်း အသုံးပြုနိုင်ပါသည်။

## နောက်ဆက်တွဲ (က) - ကျောက်ဖြူဆိပ်ကမ်းနှင့် စက်မှုဇုန်

ကျောက်ဖြူဒေသ အနီးတစ်ဝိုက်တွင် သဘာဝဓါတ်ငွေ့နှင့် ရေနံစိမ်းများကို သယ်ယူသည့် တရုတ်ပိုက်လိုင်းများ ကမ်းပေါ်သို့တက်လာပြီး တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်သို့သွားရာ၏ အစလည်း ဖြစ်သည်။ ထိုပိုက်လိုင်းများသည် တရုတ်နိုင်ငံအတွက် အရေးကြီးသော်လည်း ယခုသုံးသပ်မှုတွင် မပါဝင်ပါ။ ၎င်းတို့၏ လုံခြုံရေး၊ ထို့နောက် ရခိုင်ပြည်နယ်မှ ရရှိမည့် ဖြတ်သန်းခတို့နှင့် ပတ်သက်သည့် သဘောတူညီထားပြီး အချက်များကို လေးစားလိုက်နာရပါမည်။

လက်ရှိလျာထားသည့် ဆိပ်ကမ်းနှင့် စက်မှုဇုန်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုသည် ရင်းနှီးမြှုပ်နှံမှုအသစ် ဖြစ်ပါသည်။ ကျောက်ဖြူတွင် အလွန်နက်သည့် ဆိပ်ကမ်းတစ်ခုရှိပြီး အလေးချိန် တန်ချိန်စုစုပေါင်း သိန်းကျော်သည့် သင်္ဘောများ ဖြတ်သန်းသွားလာနိုင်သည်။ ထိုလျာထားသည့် ရင်းနှီးမြှုပ်နှံမှုသည် အပြီးအစီး ဒေါ်လာ ၇ ဘီလီယံ (ဒေါ်လာ ၇ ၀၀၀ ၀၀၀ ၀၀၀) ကုန်ကျမည်ဟု သတင်းထွက်နေသည်။

ရခိုင်ပြည်နယ်၏ လူဦးရေမှာ မြန်မာနိုင်ငံလူဦးရေ၏ ၆% ဖြစ်ပြီး အရေအတွက်အားဖြင့် သုံးသန်းကျော်ရှိသည်။ ပြည်နယ်၏ နိုင်ငံခြားကုန်သွယ်မှုကို လူဦးရေနှင့် အချိုးချပါက ဒေါ်လာ ၂ ဘီလီယံ (ဒေါ်လာ ၂ ၀၀၀ ၀၀၀ ၀၀၀) ကျသင့်ပါမည်၊ သို့သော် သဘာဝဓါတ်ငွေ့နှင့် ရေနံစိမ်းကို မထည့်သွင်းပါက ထိုပမာဏထက် လျော့ကျမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သဘာဝဓါတ်ငွေ့နှင့် ရေနံစိမ်းတို့အတွက် လျာထားသည့် ဆိပ်ကမ်းကို အသုံးပြုမည်မဟုတ်ဘဲ ပိုက်လိုင်းများ အပေါ်တွင်သာ အားထားနေရသည်။ ထို့ကြောင့် ၎င်းတို့ကို ကုန်သွယ်မှုတန်ဖိုးစုစုပေါင်းမှ ထုတ်နုတ်သုံးသပ်ပါမည်။

ယူနန်ပြည်နယ်သို့ သွားရာလမ်းသည် ရှည်လျားပြီး ကောင်းမွန်မှုလည်း မရှိသောကြောင့် သဘာဝဓါတ်ငွေ့နှင့် ရေနံစိမ်းအပြင် အခြားမြန်မာပြည်မှ သွင်းကုန်များ နည်းပါးပါသည်။ (ကျောက်ဖြူနှင့် ယှဉ်ပါက ဗီယက်နမ်နိုင်ငံရှိ ဟိုင်ဖုန်ဆိပ်ကမ်းမှာ ယူနန်ပြည်နယ်၏ မြို့တော်ဖြစ်သော ကူမင်းနှင့် ပို၍နီးပြီး လမ်းပန်းအဆက်အသွယ်လည်း ကောင်းမွန်ပါသည်။) ယူနန်ပြည်နယ်၏ စုစုပေါင်းကုန်သွယ်မှုမှာ ဒေါ်လာ ၃၀ ဘီလီယံ (ဒေါ်လာ ၃၀ ၀၀၀ ၀၀၀ ၀၀၀) ရှိပါသည်။ သဘာဝဓါတ်ငွေ့နှင့် ရေနံစိမ်းမပါဝင်ပါက ရခိုင်-ယူနန်လမ်းကို အဆင့်မြှင့်သည့်တိုင် ကျောက်ဖြူဆိပ်ကမ်း အသုံးပြုမှုမှာ အများဆုံး ဒေါ်လာ ၆ ဘီလီယံ (ဒေါ်လာ ၆ ၀၀၀ ၀၀၀ ၀၀၀)သာ ရှိပါလိမ့်မည်။ ယူနန်မှ ကျောက်ဖြူသို့ ဒေါ်လာ ၂၀ ဘီလီယံ (ဒေါ်လာ ၂၀ ၀၀၀ ၀၀၀ ၀၀၀) တန်ဖိုးရှိ

ရထားလမ်းကို ဖောက်လုပ်ပါက (ယခုလောလောဆယ်တွင် ထိုအစီအစဉ် မရှိသေးပါ) ရခိုင်ပြည်နယ်မှ ဖြတ်သန်းသွားသည့် ကုန်သွယ်မှုပမာဏမှာ နှစ်ဆ တိုးကောင်းတိုးလာနိုင်ပါသည်။ သဘာဝဓါတ်ငွေ့နှင့် ရေနံစိမ်းကို ထုတ်နုတ်ထားသည့် ယူနန်ပြည်နယ်၏ စုစုပေါင်းကုန်သွယ်မှုတစ်ဝက်၊ သို့ ဒေါ်လာ ၁၂ ဘီလီယံ (ဒေါ်လာ ၁၂ ၀၀၀ ၀၀၀ ၀၀၀) တန်ဖိုးရှိပါသည်။ ကျောက်စိမ်းနှင့် ဆန်တို့ကို မူဆယ်မှတဆင့် ဆက်လက်တင်ပို့မည်ဖြစ်ပြီး တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပို့ကုန်အများစုသည်လည်း ရခိုင်ပြည်နယ်မှ တစ်ဆင့်သွားမည်မဟုတ်ပါ။ (ရေနက်ဆိပ်ကမ်းကို အသုံးပြုမည်မဟုတ်သည့် သဘာဝဓါတ်ငွေ့နှင့် ရေနံစိမ်းထုတ်နုတ်ပြီး) ရခိုင်ပြည်နယ်၏ စုစုပေါင်းကုန်သွယ်မှုသည် ဒေါ်လာ ၁၄ ဘီလီယံ (ဒေါ်လာ ၁၄ ၀၀၀ ၀၀၀ ၀၀၀) ပင် မရှိပါ။ ဗီယက်နမ်တောင်ပိုင်း ကုန်သွယ်မှုတန်ဖိုး၏ ဆယ်ပုံတစ်ပုံထက်လည်း နည်းမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ တောင်ပိုင်းရှိ ဗောင်တောင်ပြည်နယ်၌ ရေနက်ဆိပ်ကမ်း ခုနစ်ခုကို တည်ဆောက်ရာတွင် စုစုပေါင်း ဒေါ်လာ ၂ ဘီလီယံ (ဒေါ်လာ ၂ ၀၀၀ ၀၀၀ ၀၀၀)သာ ကုန်ကျခဲ့ပါသည်။ ထိုဆိပ်ကမ်းများမှာ ဒေသတွင်းနေ လူအရေအတွက် သိန်းသုံးရာကို ဝန်ဆောင်မှုပေးပြီး ကုန်သွယ်မှုတန်ဖိုးမှာလည်း ဒေါ်လာ ၁၄၀ ဘီလီယံ (ဒေါ်လာ ၁၄၀ ၀၀၀ ၀၀၀ ၀၀၀) ရှိသည်။ ဆိုင်ဂုံဒေသရှိ ဆိပ်ကမ်းများမှ ကုန်သွယ်မှုလုပ်ငန်းကို ခွဲဝေလုပ်ကိုင်နေသောကြောင့် ဗောင်တောင်မှ ဆိပ်ကမ်းများ၏ လုပ်နိုင်စွမ်း ၂၀%ကိုသာ အသုံးပြုနေပါသည်။ (ဆိုလိုသည်မှာ ရခိုင်ဒေသထက် လူဦးရေပိုမိုထူထပ်ပြီး ကုန်သွယ်မှုတန်ဖိုး အများအပြားကို ကိုင်တွယ်နေသည့်တိုင်၊ ထိုထက်လည်း ပမာဏငါးဆပို၍ ကိုင်တွယ်နိုင်စွမ်းရှိသည့်တိုင် ထိုဆိပ်ကမ်းခုနစ်ခုကို တည်ဆောက်စရိတ်မှာ ကျောက်ဖြူဆိပ်ကမ်း၏ သုံးပုံတစ်ပုံမျှပင်မရှိပါ။)

ထိုအချက်အလက်များနှင့် နှိုင်းယှဉ်သုံးသပ်ပါက လာမည့်နှစ်ပေါင်းများစွာအတွက် သဘာဝဓါတ်ငွေ့နှင့် ရေနံစိမ်းမပါဝင်သည့် ရခိုင်ပြည်နယ်၏ ကုန်သွယ်မှုအားလုံးကို ကိုင်တွယ်နိုင်စေရန် ကျောက်ဖြူဆိပ်ကမ်းတွင် ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာ ၅၀၀ မီလီယံ (ဒေါ်လာ ၅၀၀ ၀၀၀ ၀၀၀)ပင် မလိုအပ်ဟု သိနိုင်ပါသည်။ ထို့အပြင် ပြည်နယ်အတွင်း လုပ်သားရှားပါးမှုကြောင့် စက်မှုဇုန်မှာလည်း အလားအလာ နည်းနိုင်သည့်အတွက် အသင့်အတင့်ထက်ပို၍ အတိုင်းအတာကြီးကြီးမားမား မတည်ဆောက်သင့်ပါ။ ကျွန်တော်တို့၏ အမြင်အရ ကျောက်ဖြူအတွက် လက်ရှိလျာထားသည့် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အရှေ့တောင်အာရှရှိ အလားတူဒေသများမှ ဆိပ်ကမ်း၊ အခြေခံ အဆောက်အဦနှင့် စက်မှုဇုန်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့် နှိုင်းယှဉ်လျှင် မတန်မဆ တန်ဖိုးအလွန်များနေပါသည်။

ပို၍သတိပြုသင့်သည့် အချက်မှာ ကုန်တင်သင်္ဘောများတွင် အငယ်-အလတ်နှင့် အကြီးဟူ၍ နှစ်မျိုးနှစ်စားရှိသည်။ သင်္ဘော အငယ်-အလတ်များမှာ ဆိပ်ကမ်းငယ်များမှ ကုန်များကို သယ်ယူပြီး စင်ကာပူကဲ့သို့သော ဆိပ်ကမ်းကြီးများကို ပို့ဆောင်ပေးပါသည်။ ထိုအချက်အချာကျသည့် ဆိပ်ကမ်းကြီးများတွင် ကြီးမားသည့် "မိခင်သင်္ဘောကြီးများ" မှတဆင့် ကုန်များကို ဥရောပ သို့မဟုတ် အမေရိကသို့ ဆက်လက်သယ်ဆောင်ပါသည်။ ထို"ကူးတို့" သင်္ဘော အငယ်-အလတ်များမှာ ကုန်သေတ္တာ ရာဂဏန်း၊ သို့ ထောင်ဂဏန်းအနည်းငယ်အထိ သယ်ဆောင်နိုင်ပြီး ဆိပ်ကမ်းတွင် ရေအနက် ၁၀ – ၁၂မီတာအကြားသာ လိုအပ်ပါသည်။ "မိခင်သင်္ဘောကြီးများ" မှာမူ ကုန်သေတ္တာ တစ်သောင်းကျော် တင်ဆောင်နိုင်ပြီး ရေအနက် ၁၅မီတာကျော် လိုအပ်ပါသည်။[8]

"မိခင်သင်္ဘောကြီးများ"မှာ နေ့စဉ်အသုံးပြုစရိတ် မြင့်မားသောကြောင့် ကုန်သေတ္တာအနည်းငယ်သာ ရရှိနိုင်မည့် ဆိပ်ကမ်းငယ်များသို့ ဆိုက်ကပ်ရန် အချိန်ပေးနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ယူနန်ပြည်နယ်မှ ကုန်သွယ်မှုကို ထည့်သွင်းစဉ်းစားသည့်တိုင် ရခိုင်ပြည်နယ်သည် "မိခင်သင်္ဘောကြီးများ" နှင့်ယှဉ်လျှင် "ကူးတို့" သင်္ဘောများကို ပို၍အသုံးပြုရမည်ဖြစ်သည်။ ထို့ကြောင့် လူဦးရေပိုမိုထူထပ်ပြီး လုပ်ငန်းများအတွက်လည်း အလားအလာ ပိုကောင်းသည့် ရှိနှင့်ပြီးဖြစ်သော စစ်တွေဆိပ်ကမ်းကို အဆင့်မြှင့်ခြင်းက ပို၍အသုံးဝင်ပါမည်။ ယခုလက်ရှိတွင်လည်း အိန္ဒိယနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုဖြင့် စစ်တွေဆိပ်ကမ်းကို အဆင့်မြှင့်နေပြီဖြစ်သော်လည်း ပိုမိုတိုးတက်စေရန် ပြုလုပ်နိုင်ပါသေးသည်။

ကျောက်ဖြူစီမံကိန်းကို စီးပွားရေးရှုထောင့်မှ သုံးသပ်ပါက ကျိုးကြောင်းခိုင်လုံခြင်းမရှိပါ။ ထို့ကြောင့် ထိုစီမံကိန်းအတွက် ရခိုင်ပြည်နယ်၏ အနည်းအပါးသာရှိသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရန်ပုံငွေများကို အသုံးမပြုသင့်ပါ။ ပြည်ထောင်စုအဆင့် ရန်ပုံငွေကိုပင် အသုံးမပြုသင့်ဟု ဆိုလိုပါသည်။ ထို့အပြင်

---

[8] ကုန်သေတ္တာတစ်ခုတွင် ပါဝင်သော ကုန်များမှာ ဒေါ်လာငါးသောင်းခန့် ပျမ်းမျှတန်ဖိုးရှိပါသည်။ ထို့ကြောင့် ဒေါ်လာ ၁ ဘီလီယံ (ဒေါ်လာ ၁ ၀၀၀ ၀၀၀ ၀၀၀) ကုန်သွယ်မှုတန်ဖိုးအတွက် ကုန်သေတ္တာ အလုံးနှစ်သောင်းဟု တွက်နိုင်ပါသည်။ ရခိုင်-ယူနန်ရထားလမ်း မရှိပါက ရခိုင်ပြည်နယ်၏ ကုန်သွယ်မှုမှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဒေါ်လာ ၆ ဘီလီယံ (ဒေါ်လာ ၆ ၀၀၀ ၀၀၀ ၀၀၀)ခန့် တန်ဖိုးရှိမည်ဖြစ်သည့်အတွက် ကျောက်ဖြူတွင် ကုန်သေတ္တာ တစ်သိန်းနှစ်သောင်းဟု ခန့်မှန်းရသည်။ ကုန်သေတ္တာတစ်လုံးလျှင် ဆိပ်ကမ်းအသုံးပြုခ ဒေါ်လာတစ်ရာ့ခြောက်ဆယ် ကောက်ခံပါက တစ်နှစ်ဝင်ငွေမှာ ဒေါ်လာ ၂၀ မီလီယံ (ဒေါ်လာ ၂၀ ၀၀၀ ၀၀၀)အောက်သာ ရရှိပါမည်။ ထို့ကြောင့် ပြန်လည်ရရှိမည့် ပမာဏနှင့် နှိုင်းဆပါက ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ဒေါ်လာသိန်းထောင်ဂဏန်း အနည်းငယ်သာ (ဒေါ်လာမီလီယံ ရာဂဏန်းသာ) ရင်းနှီးမြှုပ်နှံသင့်သည်။

ထိုစီမံကိန်းကို မည်သူက ပိုင်ဆိုင်ထိန်းချုပ်နိုင်မည်၊ မည်သည့်နိုင်ငံ၏ ဥပဒေကို အသုံးပြုမည်[9] ဆိုသည့် အချက်များကိုပါ စဉ်းစားသင့်သော်လည်း ၎င်းတို့မှာ ယခုသုတေသနစာတမ်း၏ အတိုင်းအတာတွင် အကျုံးမဝင်သောကြောင့် မထည့်သွင်းထားပါ။[10]

[9] ဆိပ်ကမ်းအများစုကို အိမ်ရှင်နိုင်ငံ၏ အစိုးရများမှသာ ထိန်းချုပ်ခွင့်ရှိပါသည်။ နိုင်ငံခြားကုမ္ပဏီ၊ အစိုးရများက ပိုင်ဆိုင်လေ့မရှိပါ။

[10] ကျောက်ဖြူအနီးတစ်ဝိုက်ရှိ မြေအများကို တရုတ်ကုမ္ပဏီများက ဝယ်ယူထားသည်၊ ဒေသအတွင်းတွင် ကုန်းတွင်းသဘာဝဓါတ်ငွေ့သိုက်များလည်း ရှိနိုင်သည်ဟူသော ကောလဟာလများကို သုတေသနခရီးအတွင်း ကြားခဲ့ရသော်လည်း ထိုသတင်းများ မှန်၊ မမှန် အတည်ပြုရန် အချိန်မရခဲ့ပါ။ မှန်ကန်ခဲ့ပါက ထိုအချက်များသည် ကျောက်ဖြူဒေသအပေါ် တရုတ်နိုင်ငံ၏ စိတ်ဝင်စားမှုကို ရှင်းပြကောင်းရှင်းပြနိုင်မည် ဖြစ်သည်။

## နောက်ဆက်တွဲ (ခ) – (၁၈၈၂) ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် ဘာသာကိုးကွယ်မှုအလိုက် လူဦးရေအချိုး




စာကိုး - (၁၈၈၂)၊ (၁၉၃၁)၊ (၁၉၈၃) နှင့် (၂၀၁၄) ခုနှစ်၊ နိုင်ငံလုံးဆိုင်ရာ သန်းခေါင်စာရင်း ထုတ်ပြန်ချက်များ

မူဆလင်များ မြန်မာနိုင်ငံအတွင်းသို့ ပြောင်းရွှေ့နေထိုင်သည်၊ အခြားဘာသာဝင်များကို ဘာသာကူးပြောင်းစေသည်၊ မူဆလင်များအကြား ကလေးမွေးဖွားမှုနှုန်း အဆမတန် မြင့်မားသည် စသည့် အကြောင်းအရာများကြောင့် မြန်မာနိုင်ငံသားများ၏ ဘာသာကိုးကွယ်မှုပုံစံများ ပြောင်းလဲလာသည်၊ အထူးသဖြင့် မူဆလင်ကိုးကွယ်မှု ပိုမိုမြင့်တက်လာသည် စသည့် ပြောဆိုမှုများမှာ မမှန်ကန်ပါ။ လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာကျော်အတွင်း အခြေအနေများနှင့်လည်း ကိုက်ညီမှုမရှိပါ။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်မှုမှာ အခြားဘာသာများနှင့် နှိုင်းယှဉ်ပါက ခိုင်မာလှသည့်အပြင် အခြေအနေပြောင်းသွားမည့် အရိပ်အယောင်လည်း မတွေ့ရပါ။ နောက်ဆုံးပြုလုပ်ခဲ့သည့် သန်းခေါင်စာရင်းနှစ်ခုအရ ခရစ်ယာန်ဘာသာ ကိုးကွယ်မှုမှာမူ (၁၉၈၃)ခုနှစ်မှစ၍ တိုးတက်လာခဲ့ပါသည်။